ရွှေမန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၅၂)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း ၅ ရက် ၊ ၂၄-၁၁-၂၀၂၅၊ တနင်္လာနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားကျင်းပ

## စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်

နေပြည်တော် နိုဝင်ဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်) သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ပင်မအဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ တနင်္လာနေ့။

မန္တလေး

## စံပြကျေးရွာတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ တိုးချဲ့ဆောင်ရွက်ခြင်း စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်ကောင်းမွန်မှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဖော်ထုတ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ အသိပညာမျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက နေပြည်တော် M-Gallery Hotel ၌ ကျင်းပခဲ့သည်။

မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာစံပြကျေးရွာ တိုးချဲ့ဆောင်ရွက်ခြင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်းတင် Video Clip ကို တက်ရောက်လာသူများက ကြည့်ရှုအားပေးသည်။ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုစီမံကိန်းသည် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပြီး ပတ်ဝန်းကျင် ကျေးရွာများအထိပါ အကျိုးကျေးဇူး ရရှိစေသည့် စီမံကိန်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်ကောင်းမွန်မှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် အားသာချက် အားနည်းချက်များကို သုံးသပ်ဖော်ထုတ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်းများ ပေါ်ပေါက်လာစေရန် အတွေ့အကြုံမျှဝေခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အနာဂတ်လုပ်ငန်းစဉ်များအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)၏ ဒုတိယဥက္ကဋ္ဌက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့၌ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတက်ရောက်အောင်မြင်ပြီးသူများ၏ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှု၊ အေးချမ်းသာစံပြကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သော ကျေးရွာတွင်းလမ်း အရှည် ၁ ဒသမ ၇ ဖာလုံ အပိုင်း(၁) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာတွင်းလမ်း အရှည် ၃ ဒသမ ၅ ဖာလုံ အပိုင်း(၂) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာရှိ လင်းရောင်ခြည် လယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ လယ်မြေ ၂၀၃ ဧကတွင် စိုက်ပျိုးခဲ့သော RAKA-666 အထွက်ကောင်း ချည်မျှင်ရှည်ဝါမျိုးများ ခူးဆွတ်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာတိုးချဲ့ဆောင်ရွက်ခြင်းစီမံကိန်းကို ၂၀၂၄ ခုနှစ် ဩဂုတ်မှ စတင်၍ စီမံကိန်းကာလနှစ်နှစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြို့သစ်မြို့နယ်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာလျက်ရှိ

**မြို့သစ် နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာ၌ အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းကစတင်၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအသီးသီး၌ ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများလာရောက်ကြည့်ရှုလျက်ရှိသည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူများအနေဖြင့် မိမိတို့နေထိုင်ရာဒေသတွင် ပုံစံ(၆၆၊ ၆)ရှိပြီး မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့် လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာပုံစံ(၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာရပ်၊ ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားနိုင်သည်။

မြို့သစ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စုရှိ ကျေးရွာပေါင်း ၁၄၁ ရွာတွင် မဲရုံပေါင်း ၁၀၆ ရုံဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

## စစ်ကိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ (အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၂၃**

၂၀၂၅ ခုနှစ်၊ စစ်ကိုင်းခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ (အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်ကိုင်းမြို့ နှစ်(၇၀၀)ကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့သည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပညာရေး(က)အသင်းမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ခ)အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စစ်ကိုင်းခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က ပထမဆုရရှိသော ပညာရေး(က)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် တံခွန်စိုက်ဆုဖလား၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒုတိယ၊ တတိယ၊ စတုတ္ထ ရရှိကြသော အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသော အားကစားသမားများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

## လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်လှစ်ပို့ချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း တိုင်းဒေသကြီးသီးနှံကာကွယ်ရေးတာဝန်ခံထံမှ သိရသည်။

ယခုအမှတ်စဉ်(၃၃) လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပရာ တိုင်းဦးစီးမှူး ဦးဝင်းထိန်က သင်တန်းအဖွင့်အမှာစကားကို လည်းကောင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို လည်းကောင်း ပြောကြားခဲ့သည်။

"ပိုးသတ်ဆေးဥပဒေနဲ့ ပတ်သက်ပြီး သိရှိလိုက်နာကျင့်သုံးလာစေဖို့၊ ပိုးသတ်ဆေးကို အမြဲထိတွေ့ကိုင်တွယ်နေရတဲ့ တောင်သူတွေ၊ ပိုးသတ်ဆေး ရောင်းချသူတွေ၊ ပိုးသတ်ဆေး ကုမ္ပဏီတွေက ဝန်ထမ်းတွေအနေနဲ့ပိုးသတ်ဆေးတွေကို အန္တရာယ်ကင်းရှင်းစွာ အသုံးချနိုင်ရေးနဲ့ ပိုးသတ်ဆေးဥပဒေနဲ့အညီ ရောင်းချနိုင်စေရေး ရည်ရွယ်ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပါတယ်၊ သင်တန်းသားတွေအနေနဲ့ ပိုးသတ်ဆေးသုံးစွဲသူတွေကို ထပ်ဆင့်မျှဝေပေးသွားခြင်းဖြင့် လူသားတွေအတွက် အစားအစာဘေးကင်းလုံခြုံမှု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအထောက်အကူပြုမှာပါ"ဟု တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံက ပြောသည်။



အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ သင်တန်းမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆိုင်းရော်နှင့် သင်တန်းနည်းပြပညာရှင်များက ပိုးသတ်ဆေးဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပိုးသတ်ဆေးသုံးစွဲသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပိုးသတ်ဆေးဓာတ်ကြွင်း ပြဿနာများနှင့် အညွှန်းစာများအကြောင်း၊ သီးနှံပင်ရောဂါများ ကာကွယ်နှိမ်နင်းနည်းနှင့် ရောဂါပိုးသတ်ဆေးအစွမ်းများ၊ ပေါင်းအမျိုးအစားခွဲခြားခြင်းနှင့် ပေါင်းသတ်ဆေးများ အန္တရာယ်ကင်းစွာသုံးစွဲနည်း၊ ကြွက်အမျိုးမျိုးကာကွယ် နှိမ်နင်းခြင်း၊ သိုလှောင်သီးနှံဖျက်ပိုးနှင့် အဆိပ်ငွေ့မှိုင်းတိုက်ခြင်းပညာရပ်၊ အပင်ပိုးမွှားထိန်းချုပ်ခြင်းနည်းပညာ၊ ဖျက်ပိုးအမျိုးအစားခွဲခြားခြင်းနှင့် ကာကွယ်နှိမ်နင်းနည်း၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများကို ပို့ချခဲ့ပြီး ပိုးသတ်ဆေးကုမ္ပဏီ၊ ခြင်ဆေးခွေလုပ်ငန်းကုမ္ပဏီ၊ အဆိပ်ငွေ့ မှိုင်းတိုက်လုပ်ငန်းများနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များ စသည်တို့မှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးထွက်ကုန်(Export) လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ သိုလှောင်ရုံဂိုဒေါင်မှူးများ၊ သီးခြားစိတ်ဝင်စားသူများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၃၉ ဦး တက်ရောက်ခဲ့သည်။

နိုင်ငံတော်က ဓာတုပစ္စည်းများ စနစ်တကျကိုင်တွယ်သုံးစွဲနိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် ပစ္စည်းများကို တောင်သူများ မှန်ကန်စွာသုံးစွဲနိုင်ရေးနှင့် ပြည်ပပို့ကုန် စိုက်ပျိုးရေးထုတ်ကုန်များ ဓာတ်ကြွင်းလျော့နည်းကင်းစင်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို အထောက်အကူပြုစေသည့် ပိုးသတ်ဆေးဥပဒေ၊ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပြီး အဆိုပါဥပဒေများနှင့်အညီ လိုက်နာမှု ရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ပင်မဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ပင်မဆောင် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပင်မအဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ ကျောင်းသား ကျောင်းသူလေးများက စိုက်ပျိုးရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍတစ်ခုလုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်သကဲ့သို့ စတင်တက်ရောက်ကြမည့်ကျောင်းသားကျောင်းသူများနှင့် သင်ကြားရေးဆရာ ဆရာမများအတွက်လည်း သမိုင်းမှတ်တိုင် တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်မည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွား မြင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာ သိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရ ပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံစီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြု တက္ကသိုလ်တစ်ခု (Research Oriented University) အဖြစ် တိုးမြှင့်ဖြစ်ပေါ်လာစေရန်ကိုလည်း မျှော်မှန်းဦးတည်ချက်ထားရှိကြောင်း၊ ယခုတက္ကသိုလ်မှ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာကို ကြည့်ပါကလည်း ဖွံ့ဖြိုးပြီး နိုင်ငံများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲ နိုင်ငံများသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာဖူလုံအောင်၊ ပိုလျှံအောင်လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြွယ်ဝသည့် ရေမြေသဘာဝအရင်းအမြစ်များနှင့် ရာသီဥတုကောင်းမွန်မှုကို အရင်းပြုပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက်စေရန်နှင့် အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

**တိုးတက်အောင်ဆောင်ရွက်**

စိုက်ပျိုးရေး ကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ကျေးလက်နေ ပြည်သူများဖြစ်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေအမြောက်အမြားရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ဂေဟာစနစ်မျိုးစုံရှိခြင်း၊ ရေချို အရင်းအမြစ် ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာ ဖူလုံသည်သာမက ပိုလျှံသည့်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

❖ **စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရ ပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန် နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက် နိုင်ကြစေရန်ပင်ဖြစ်**

☆ စာမျက်နှာ ၃ မှ

လယ်ယာသားငါး ထွက်ကုန်များကို ပြည်ပကို တင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ "စပါးကျီ" အဖြစ် သမိုင်းအစဉ်အလာကြီးသည့် ဒေသဖြစ်ကြောင်း၊ ယခုလို စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခင်က မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သည် တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး အလားတူ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည်လည်း တစ်ခုတည်းသော တက္ကသိုလ်အဖြစ် ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်နှစ်တွင် စိုက်ပျိုးရေးဘွဲ့ရပညာရှင် ၃၀၀ ခန့်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် ၂၀၀ ခန့်သာ မွေးထုတ်ပေးနိုင်ကြောင်း၊ ကိုလိုနီခေတ်က စတင်၍ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်နှစ်ခုသည် နိုင်ငံတော်အတွက် လိုအပ်သည့် ဘွဲ့ရပညာရှင်အရေအတွက် လုံလောက်အောင် မွေးထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခု ဖြစ်ခဲ့ကြောင်း။

ထို့ကြောင့်မိမိတို့အစိုးရတာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး နိုင်ငံတော်အတွက် အဆင့်မြင့်စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ရပညာရှင်များ၊ အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဒီပလိုမာလက်မှတ်ရ ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်အဆင့်ရှိ အသိအမှတ်ပြု လက်မှတ်ရပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း၊ ရှိရင်း စိုက်ပျိုးရေးသိပ္ပံ ၁၅ ကျောင်းမှ မွေးမြူရေးဘာသာရပ်ပါ သင်ကြားပေးနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံအဖြစ် ကျောင်းကိုးကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းတစ်ကျောင်းနှင့် တိရစ္ဆာန်ဆေးကုသရေးသိပ္ပံတစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ယခင်ကာလထက် စုစုပေါင်း၈၃၅၂ ဦးကို ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် မအူပင်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှလည်း နှစ်စဉ်စိုက်ပျိုးမွေးမြူရေးပညာရှင် ၃၀၀ စီ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံပြီးလည်း အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အနာဂတ်မျှော်မှန်းချက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကောလိပ်ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်နိုင်ရန် ဆွေးနွေးသုံးသပ်လျက်ရှိသည်ကိုအသိပေး ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ရည်မှန်းထားသည့်အတိုင်းလည်း ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် စိုက်ပျိုးရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၃ ခု၊ မွေးမြူရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၂ ခု၊ အခြေခံ ဝိဇ္ဇာသိပ္ပံပညာရပ်ဌာနသုံးခု ပါဝင်ဖွဲ့စည်းထားပြီး အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများနှင့် ဌာနအသီးသီးမှ ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီးများကို စုစည်းအားဖြည့်သင်ကြားပေးရန်စီစဉ်ထားသည်ဟု သိရှိရကြောင်း၊ အချို့ဘာသာရပ်များကိုလည်း ပညာရှင်များအား ဧည့်ပါမောက္ခကြီးများ အဖြစ်ဖိတ်ကြား သင်ကြားပေးခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် အဘက်ဘက်က လစ်ဟာမှုမရှိအောင် ကြိုးပမ်းသွားရန်အကြံပြု လိုကြောင်း၊ ဘွဲ့လွန်သင်တန်းများအဖြစ် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပြီး တက္ကသိုလ်၏ "စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကိုးရသည့် တက္ကသိုလ်တစ်ခု ဖြစ်လာမည်ကို ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ် သက်သက်အဖြစ်သာ ရှုမြင်လေ့ရှိကြောင်း၊ အမှန်တကယ်မှာ စိုက်ပျိုးရေး ပညာရပ်များနှင့်သက်ဆိုင်သည့် မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ ဘာသာရပ်များ အပါအဝင် ဘာသာရပ် ၁၃ ခု၊ မွေးမြူရေး ပညာရပ်နှင့် သက်ဆိုင်သည့် မွေးမြူရေးပညာ၊ ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာအပါအဝင် ဘာသာရပ် ၁၂ ခု စသည့် ဘာသာရပ်များနှင့် သီအိုရီနှင့် နည်းပညာသဘောတရားများ သည်ကျယ်ပြန့်ကြောင်း၊ အဆိုပါ အချက်များကို နားလည်တတ်မြောက်ပြီး ရေ၊ မြေ၊ ရာသီဥတု စသည့် သဘာဝတရားများနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်ရန် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုနှင့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့်မွေးမြူရေးသမားများ၏ ခံယူမှုနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲမှုပညာ (Art of Management)ကိုပါ သင်ကြားပေးသည့် ပညာရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံပညာရပ်များသာမက စဉ်းစားတွေးခေါ်မှု၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ပြည့်စုံသည့် ဘွဲ့ရကျောင်းသားကျောင်းသူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး သင်ယူသည့် ကျောင်းသား ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ် (မအူပင်)တွင် မွေးမြူရေးဘွဲ့ကိုပါအပ်နှင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သဖြင့် ဘွဲ့ရများနှင့် ကျေးလက်နေ ပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာမက စိုက်ပျိုးရာသီပြင်ပတွင် မွေးမြူရေးလုပ်ငန်းများက ဝင်ငွေကိုပါရရှိခြင်း အားဖြင့် မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်စပါး စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ ငါး၊ပုစွန်မွေးမြူရေး လုပ်ငန်းများလည်း အများအပြားရှိကြောင်း၊ သို့သော်လည်း ဧရာဝတီတိုင်း ဒေသကြီးအတွင်းတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများ ဧရိယာကျယ်ပြန့်စွာရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက်အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ဆောင်ရွက်သည့်စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင်စမ်းသပ်ဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။ စာမျက်နှာ ၅ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ကျောင်းသား ကျောင်းသူများက စိုက်ပျိုးရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)အတွက် လိုအပ်သည့်အဆောက်အအုံများ ထပ်မံဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

✰ စာမျက်နှာ ၄ မှ

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စသည့် ရည်မှန်းချက်များကိုပြည့်မီစေမည် ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ဆည်းပူးသင်ယူကြသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် မျိုးဆက် တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အောင်မြင်တိုးတက်ဖို့ **"စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး"**ဆိုသည့် တက္ကသိုလ်၏ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး တိုးတက်ထမ်းဆောင်သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များစွာကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

အခမ်းအနားအပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တက္ကသိုလ် အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ဆရာ ဆရာမများ ခန့်အပ် ဆောင်ရွက်လျက်ရှိမှု၊ သင်ကြားရေးဌာနများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိမှု၊ နှစ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားနိုင်ရေး လျာထားဆောင်လျက်ရှိမှု၊ တက္ကသိုလ်အတွက် လိုအပ်သည့် အဆောက်အအုံများ ထပ်မံ ဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း(မအူပင်)၌ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာ သင်ကြားလျက်ရှိမှုနှင့် ပညာသင်နှစ်အလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်မှု၊ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရနည်းပညာ အထက်တန်းကျောင်း(မအူပင်)ဆိုင်ရာ အချက်အလက်များ၊ အလုပ်ရုံနှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ သင်ကြားရေးဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိမှု၊ အထူးပြုပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသလိုအပ်ချက်အရ ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှာ ယခင်က တစ်ခုတည်းသာ ရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်နိုင်ရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်များသို့ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေး အဓိကထား ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိရိုးဖလာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းထက် နည်းစနစ်ကျနသည့် ခေတ်မီ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များကိုမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး Agro Base Industries ကို ဆောင်ရွက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ပညာတတ်လူသား အရင်းအမြစ်များ ပေါကြွယ်ဝလာစေရေး ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ၌လည်း တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးကိုလည်း ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပညာရည်မြင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဟူသည့် နိုင်ငံတော်မှချမှတ်ထားသည့်အတိုင်း ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန် လိုကြောင်း။

တက္ကသိုလ်များ တည်ဆောက်ရာတွင် ရေရှည်အတွက် ကြိုတင်မြော်တွေး၍ Master Plan ချမှတ်ကာ စနစ်တကျ ရေးဆွဲတည်ဆောက်ရန် လိုကြောင်း၊ တက္ကသိုလ်ဝင်းများအတွင်း အရိပ်ရလေကာပင်များနှင့် တက္ကသိုလ်ကို ကိုယ်စားပြုသော အပင်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်မှ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးပြီး အရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း(မအူပင်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(မအူပင်) နှင့် ပိုလီတက္ကနစ်နည်းပညာ တက္ကသိုလ်(မအူပင်) တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြား

- ❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ်များစွာလိုအပ်
- ❖ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- ❖ ပိုလီတက်ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်
- ❖ ပညာရည်မြင့်မားရေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့်ပညာရပ်များကို သင်ကြားနိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တိုးရွှေဝါခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ကဏ္ဍကြီးများအလိုက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ သီးနှံများပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အရန်ဆန်များ သိုလှောင်ထားရှိမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးထားမှု၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ One Region One Product (OROP) လုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မအူပင်မြို့နယ် အားကစားကွင်းအား အဆင့်မြှင့်တင်ပေးရန်လိုအပ်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက်စိုက်ပျိုးရေးတောင်သူများအား ချေးငွေများတိုးမြှင့် ထုတ်ချေးပေးစေလိုမှု၊ စပါးအခြောက်ခံစက်များလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ငါးစာများ လုံလောက်စွာထုတ်လုပ်ရရှိနိုင်ရေး ဆောင်ရွက်ပေးသည့်အတွက်ကျေးဇူးတင်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ချေးပေးမှုကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှုနှင့် မြေနေရာများ ထပ်မံလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်သည့် ကန်ပေါင်များပေါ်၌ ဝါးပင်များစိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မှု၊ အုန်းချိုမွေးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ ဈေးကွက်သို့ဖြန့်ဖြူး ရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ စပါးအခြောက်ခံစက်နှင့် သီးနှံအခြောက်ခံစက်များ လိုအပ်မှုနှင့်ပတ်သက်၍ လိုအပ်ပါက ပြည်ပမှ မှာယူတင်သွင်းဆောင်ရွက်ပေးနိုင်ပြီး အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ဝယ်ယူနိုင်မှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေနေရာများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဆန်၊ စပါး Export Zone ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပေါ်ဆန်းမွှေးစပါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မအူပင်ဒေသသည် ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသည့်နေရာတွင်တည်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်)အား ၂၀၂၁ ခုနှစ်ခန့်ကတည်းက ဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ် များစွာလိုအပ်ကြောင်း၊ထို့ကြောင့် မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသော်လည်း ထင်သလောက် အောင်မြင်မှု မရရှိခဲ့ကြောင်း၊ အများစုမှာ ကျေးလက်တွင် နေထိုင်ကြသူများဖြစ်ပြီး ခေတ်မီသည့်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရန် စိန်ခေါ်မှုများရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

ပညာတတ်လူသား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အချိုးညီညီတိုးတက်စေရေး တက္ကသိုလ်များကို ဖွင့်လှစ်ထားသော်လည်း အချို့ပြည်နယ်များတွင် ကျောင်းသား ကျောင်းသူတက်ရောက်မှု နည်းပါးနေကြောင်း၊ ထို့ကြောင့် ပိုလီတက်ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့် ပညာရပ်များကို သင်ကြားနိုင်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးလာခြင်းကြောင့်တက္ကသိုလ်သို့တက်ရောက်သင်ကြားသူများ နည်းပါးလာခြင်းဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များစေရေး မအူပင်ခရိုင်အနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

စာမျက်နှာ ၇ သို့ ☆

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၃၄ ရက်

သာ လိုတော့သည်။

✰ စာမျက်နှာ ၆ မှ

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏စပါးကျီ တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများထွက်ရှိမှုသည် ထိုက်သင့်သည့် အထွက်နှုန်းဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မည်သို့ ဆောင်ရွက်၍ရမည်ကို စဉ်းစား ဆောင်ရွက်သွားရန် လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးမှုနှင့် ပတ်သက်၍ ပြည်ပသို့တင်ပို့နိုင်ရေး ပိုမိုတိုးတက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျစမ်းသပ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစိုက်ပျိုး၍ ရသည့် ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပေါ်ဆန်းမွှေးစပါးကို သာမက အခြားသီးနှံများကိုလည်း အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရမည်၊ မြေအခြေအနေကောင်းမွန်ရမည်၊ ရေလုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် စိုက်ပျိုး ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အထက်ပါနိယာမများကို လိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိမိတို့စိုက်ပျိုးသည့် သီးနှံများ များစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စိုက်ပျိုးရေးအသိပညာပေးခြင်း ကိုလည်း ဆောင်ရွက်ပေးရန် လိုကြောင်း။

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် နိုင်ငံတကာ ဈေးကွက်ဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ အများအားဖြင့် ကုန်းမြင့် ကော်ဖီကို စိုက်ပျိုးကြကြောင်း၊ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံ စိုက်ပျိုးသည့် ကေနှစ်သောင်းခန့် ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုပါ ဥယျာဉ်ခြံများအတွင်း မြေနိမ့် ကော်ဖီ (ရိုဘက်စတာမျိုး)များကို စိုက်ပျိုး ဆောင်ရွက်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း။

အုန်းချိုမွှေး စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အကျိုးများစွာ ဖြစ်ထွန်းစေကြောင်း၊ အုန်းနှင့် ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သဖြင့် ပိုမိုတိုးချဲ့ စိုက်ပျိုးကြစေ လိုကြောင်း၊ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိမည် ဖြစ်ကြောင်း၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန် လိုကြောင်း၊ သဘာဝဘေးဒဏ် ကျရောက်ချိန်တွင် အုန်းပင်များနှင့် အရိပ်ရလေကာပင်များသည် ထိုက်သင့်သည့် အကာအကွယ် ပေးနိုင်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် MSME ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစစ်ဆေးစဉ်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း ငါးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ အလားတူ ကြက်၊ ဝက်၊ နွား၊ ဘဲ မွေးမြူခြင်းများနှင့်ပတ်သက်၍လည်း ပိုမိုတိုးတက် မွေးမြူဆောင်ရွက်ကြစေလိုကြောင်း။

မြို့နှင့်ပတ်သက်၍ မြို့တွင်း၌ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ရန်အတွက် နိုင်ငံတော် အနေဖြင့်ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ် ဆောင်ရွက်နေရန် လိုသကဲ့သို့ မြို့နေပြည်သူများ ကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်အတွက် လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မအူပင်မြို့ရှိ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ပြီး ထိုအချိန်က တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှု မရှိခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တိုင်းပြည်နှင့် ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေး အမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ ဆန္ဒမဲပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား(MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- ❖ ပေါ်ဆန်းမွှေးစိုက်ပျိုး၍ရသည့်ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လို
- ❖ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့်ကေ နှစ်သောင်းခန့်ရှိသည်ကိုတွေ့ရှိရသဖြင့် အဆိုပါဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်
- ❖ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများ ရရှိမည်၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန်လို
- ❖ မြို့နယ်အတွက်လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးမည်

## မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် လက်ရှိရေအမှတ်အောက် တစ်ပေခန့် ကျဆင်းနိုင်

**မန္တလေး နိုဝင်ဘာ ၂၃**

ဧရာဝတီမြစ်ရေသည် နိုဝင်ဘာလမှ စတင်၍ မြစ်ရေကျဆင်းချိန်ရောက်ရှိနေပြီဖြစ်ပြီး လက်ရှိတွင် မန္တလေးဆိပ်ကမ်း၌ လက်ရှိရေအမှတ်အောက် တစ်ပေခန့် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာ ၂၃ ရက်တွင် မန္တလေး မြစ်ရေအမှတ်မှာ ၄၅၆ စင်တီမီတာတွင် ရှိနေပြီး နောက်ရက်တွင် ၁၀ စင်တီမီတာခန့် ကျဆင်းဖွယ်ရှိကြောင်း မိုး/ဇလက ခန့်မှန်းထားသည်။

"မြစ်ရေက မန္တလေးဆိပ်ကမ်းရဲ့ ရေနည်းသတိပေးမှတ်အထက် ၂၀၀ စင်တီမီတာလောက်မှာ တက်လိုက်၊ ကျလိုက် ဖြစ်နေတယ်။ နိုဝင်ဘာ ၂၀ ရက်က နေ ၃၀ ရက်အတွင်းမှာ မန္တလေးဆိပ်ကမ်းရဲ့ လက်ရှိရေအမှတ်အောက် ကျဆင်းနိုင်ပါတယ်" ဟု မိုး/ဇလ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးဆိပ်ကမ်း၏ မြစ်ရေနည်းသတိပေးမှတ်မှာ ၃၆၀ စင်တီမီတာနှင့် စိုးရိမ်ရေအမှတ်မှာ ၁၂၀၀ စင်တီမီတာဖြစ်ရာ များသောအားဖြင့် မတ်လတွင် ရေနည်းသတိပေးမှတ် (၃၆၀ စင်တီမီတာ)အောက် ရောက်ရှိတတ်ကြောင်း၊ လက်ရှိတွင် မိုးရွာသွန်းမှုမရှိနိုင်တော့သည့် အခြေအနေကြောင့် မြစ်ရေမှာ အကျဘက် ဦးတည်နေသည်။

"မြစ်ရေက နွေရာသီမှာ မြန်မာပြည်မြောက်ပိုင်းက ရေခဲတောင်တွေ အရည်ပျော်တဲ့ဖြစ်စဉ်ကြောင့် မြစ်ရေတက်လာတာရှိပေမယ့် အများကြီးမဟုတ်ဘူးပေါ့။ မိုးရာသီမှာတော့ မန္တလေးဆိပ်ကမ်းရဲ့ စိုးရိမ်ရေမှတ်နီးပါးအထိ မြစ်ရေတက်လာတာမျိုးရှိပါတယ်" ဟု ဆက်လက်ပြောကြားသည်။

အောက်တိုဘာလကုန်ရက်က မြစ်ရေအမှတ် ၅၃၄ စင်တီမီတာရှိခဲ့ရာမှ နိုဝင်ဘာ ၁ ရက်တွင် ၅၆၂ စင်တီမီတာ၊ ၁၈ ရက်တွင် ၄၉၇ စင်တီမီတာ၊ ၂၂ ရက်တွင် ၄၆၄ စင်တီမီတာရှိခဲ့ရာ မြစ်ရေမှာ အတက်၊ အကျရှိနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

# ဇိုမီးအမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၃

ဇိုမီးအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်ကိုင်းအင်းကျိန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



မင်္ဂလာပါရှင့်

ကျွန်မနာမည် ဒေါ်ကိုင်းအင်းကျိန် ဖြစ်ပါတယ်ရှင့်။ လက်ရှိပါတီတာဝန်ကတော့ ဇိုမီးအမျိုးသားပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး ဖြစ်ပါသည်။ ယခုချိန်မှစ၍ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါသည်။ ဇိုမီးမိဘပြည်သူများရှင့် ... မကြာမီ စတင်ကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲ၌ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီသည်လည်း လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းထောက်ခံရပ်တည်ပေးနိုင်ရန် ပထမဦးစွာတင်ပြလိုပါသည်။ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မိဘပြည်သူများ ဆုံးဖြတ်ချက်မမှားစေရန်နှင့် ဇိုမီးတိုင်းရင်းသားများ နောက်ကောက်မကျန်ရစ်စေရန်အတွက် အချိန်မီ ပြင်ဆင်သင့်သည်များ ပြင်ဆင်နိုင်ဖို့လည်း အသိပေးနှိုးဆော်လိုပါသည်။ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တည်ဆဲဥပဒေဘောင်များအတွင်း၌သာ အဖြေရှာနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါသည်။

ထို့ပြင် ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ နိုင်ငံရေးသဘောထားရပ်တည်ချက်များမှာ ဇိုမီးတိုင်းရင်းသားများအပါအဝင် မြန်မာပြည်တွင် မှီတင်းနေထိုင်သော တိုင်းရင်းသားအားလုံးတို့၏ နိုင်ငံရေးအရ တန်းတူညီမှုရရှိဖို့နဲ့ အနှစ်သာရပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာ အင်အားစုအသီးသီးတို့နဲ့ လက်တွဲအကောင်အထည်ဖော်တည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။

**အခြေခံမူများ**

(၁) ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်မြှင့်တင်ရေး၊

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပီပြင်စွာ ပေါ်ထွန်းရေးအတွက် အခြားသော ညီအစ်ကို တိုင်းရင်းသားများနှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊

(၃) ဇိုမီးတိုင်းရင်းသားများ၏ ဥစ္စာခနေ၊ အမိမြေ၊ ကိုးကွယ်သည့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအား ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်၊ မြှင့်တင်ရေး၊

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာသော လူ့အသိုက်အဝန်း တည်ဆောက်ရေးနှင့်လွတ်လပ်ရေး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေး၊

(၅) မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဇိုမီးတိုင်းရင်းသားများအား ကိုယ်စားပြု အရေးဆိုနိုင်ရေးတို့ဖြစ်ပါသည်။

ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ အဓိကရည်ရွယ်ချက်များကိုလည်း ဆက်လက်တင်ပြသွားမှာ ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

(၁) ဇိုမီးတိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်ရေးရရှိအောင် ဆောင်ရွက်သွားမယ်၊

(၂) အခြေခံလူ့အခွင့်အရေးများရရှိရေးနှင့် ဒီမိုကရေစီအခွင့်အရေးကြောင့် လူနည်းစု၏အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး ထိခိုက်ဆုံးရှုံးမှုမရှိဘဲ အထိအခိုက်မရှိအောင် ဆောင်ရွက်မယ်၊

(၃) အမိမြန်မာနိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုပြီးတိုးတက်မြင့်မားရေး ကြိုးပမ်းမယ်၊

(၄) ဇိုမီးတိုင်းရင်းသားများ ဘိုးဘွားစဉ်ဆက်နေထိုင်သည့် ဒေသများနှင့်ဆက်စပ်တဲ့ ဒေသအားလုံး တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမယ်၊

(၅) လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းမယ်၊

(၆) ဇိုမီးဒေသအတွင်း ထွက်ရှိသော သဘာဝသယံဇာတများ၏ ထိုက်သင့်သော အကျိုးခံစားခွင့်များကို ဇိုမီးတိုင်းရင်းသားများ ရရှိအောင် ကြိုးစားဖော်ဆောင်မယ်၊

(၇) ဇိုမီးဒေသအတွင်းရှိ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ထိုလမ်းကြောင်းများမှ ရရှိသော အခွန်အခ(သို့မဟုတ်) အကောက်ခွန်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရဒေသများရှိ ပြည်သူများ သာတူညီစွာရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

တစ်ဆက်တည်းတွင် ဆက်လက်၍ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း မိဘပြည်သူများ သိရှိနိုင်ပါရန် တင်ပြဆွေးနွေးသွားမှာဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သော ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီအခွင့်အရေးကို ထောက်ခံကာကွယ်ရေး၊

(၂) တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊ တရားမျှတသော တန်းတူအခွင့်အရေးရရှိရေး စသည်တို့ကို အခိုင်အမာ တည်ဆောက်ရင်း ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး၊

(၃) လွတ်လပ်၍ ပွင့်လင်းသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးရင်း ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး၊

(၄) နိုင်ငံသားတိုင်းနှင့် လူနည်းစုများ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများနှင့် မိမိလိုချင်သည့် အသက်မွေးဝမ်းကျောင်း ပညာအရပ်ရပ်တို့အား လွတ်လပ်စွာ လေ့လာဆည်းပူးနိုင်ရေးတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရေးတို့ ဖြစ်ပါသည်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတင်ပြလိုတာကတော့ ဇိုမီးမိဘပြည်သူများအနေဖြင့် သိထားရမည်မှာ အခြားသော သက်ဆိုင်ရာ တိုင်းရင်းသားညီအစ်ကိုအသီးသီးတို့သည်လည်း မိမိတို့တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုသော ပါတီကိုသာလျှင် ထောက်ခံဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ကြမည်မှာ ဧကန်မလွဲဖြစ်ပါသည်။ ထို့ကြောင့် ဇိုမီးမိဘပြည်သူများအနေဖြင့်လည်း ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်မယ့် မိမိတို့လူမျိုးကို ကိုယ်စားပြုသည့် ဇိုမီးအမျိုးသားပါတီကိုသာ ထောက်ခံဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ကြပါရန် ကျွန်မအနေဖြင့် အလေးအနက်ထား နှိုးဆော်တိုက်တွန်းချင်ပါတယ်ရှင့်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

## ဘက်ထရီအားသုံး လျှပ်စစ်စက်ခေါင်းအသုံးပြုမောင်းနှင်သည့် ရထားတွဲဆိုင်းများဖြင့် နေပြည်တော်-မန္တလေး ခရီးစဉ်စတင်ပြေးဆွဲ

**မန္တလေး နိုဝင်ဘာ ၂၃**

မြန်မာ့မီးရထားအနေဖြင့် ဘက်ထရီအားသုံး လျှပ်စစ်စက်ခေါင်းများ အသုံးပြုမောင်းနှင်သည့် ရထားတွဲဆိုင်းများဖြင့် နေပြည်တော်-မန္တလေး ရထားခရီးစဉ်ကို နိုဝင်ဘာ ၂၂ ရက်မှ စတင်ပြေးဆွဲပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ထိုခရီးစဉ်မှာ RBE ရထားများဖြင့် ပြေးဆွဲနေသည့် အမှတ်(၂၇)အဆန်နှင့် အမှတ်(၂၈)အစုန် နေရာတွင် လျှပ်စစ်အားဖြင့် မောင်းနှင်သည့် စက်ခေါင်းများ အသုံးပြု ပြေးဆွဲခြင်းဖြစ်ပြီး အထက်တန်းတွင် လေအေးပေးစက်များပါရှိသည်ဟု ဆိုသည်။


‘နေပြည်တော်-မန္တလေး အသွား၊ အပြန် ပြေးဆွဲမယ့် လေအိတ် ရထားတွဲဆိုင်းဖြစ်ပြီး ရိုးရိုးတန်းလူစီးတွဲ နှစ်တွဲ၊ လေအေးစက်ပါ အထက်တန်း လေအိတ်လူစီးတွဲနှစ်တွဲနဲ့ ဘရိတ်တွဲတစ်တွဲ ပါရှိတယ်။ လျှပ်စစ်စွမ်းအင်သုံး ရထားစက်ခေါင်းနဲ့ ပြေးဆွဲပေးတာပါ’ဟု မြန်မာ့မီးရထား(သွား/လာ)မှ သိရသည်။

အဆိုပါ ရထားခရီးစဉ်တွင် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်ပြီး လက်မှတ်ခနှုန်းထားများမှာ ရိုးရိုးတန်းလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၅၀၀၀၊ အထက်တန်းလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၂၀၀၀၀ ဖြစ်ကြောင်း၊ ခရီးစဉ်အတွက် ရထားလက်မှတ်ဝယ်ယူလိုပါက ငါးရက်ကြိုတင်ကာ တယ်လီဖုန်းဖြင့် ဆက်သွယ်၍လည်းကောင်း၊ အွန်လိုင်းမှ MMQR စနစ်ဖြင့် လည်းကောင်း ငွေပေးချေဝယ်ယူနိုင်ကြောင်း သိရသည်။

‘လက်မှတ်ကို အွန်လိုင်းကနေ ရောင်းချသလို သက်ဆိုင်ရာ ဘူတာရုံတွေမှာလည်း သွားရောက်ဝယ်ယူနိုင်ပါတယ်။ ရိုးရိုးတန်းလက်မှတ်အတွက် တစ်ရက်နှင့် အထက်တန်းလက်မှတ်အတွက် သုံးရက်ကြိုတင်ဝယ်ယူရမှာပါ’ဟု ဆက်လက်ပြောကြားသည်။

နေပြည်တော်-မန္တလေး ခရီးစဉ် လမ်းပိုင်းတွင် တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်နှင့် ကျောက်ဆည်ဘူတာလေးခုတွင် ခေတ္တရပ်တံ့ပေးမှာဖြစ်ပြီး ခရီးစဉ်အစမှ အဆုံးအထိ ရထားခုတ်မောင်းချိန် ငါးနာရီ ကြာမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-ဇ)



| ဗြိတိန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အိုပီအေဒို | ၀ - ၀ | ဗယ်လက်ကာနို |
| ဘက်တစ် | ၁ - ၁ | ဂျီရိုနာ |
| ဂီတာဖေး | ၀ - ၁ | အက်သလက်တီကို |

## ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်လှစ်

**မြင်းခြံ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းလမ်းညွှန်သင်တန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၃၆၆)



## မီးဘေးကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးလောင်မီးလန့်မှုများ မပေါ်ပေါက်စေရေးအတွက် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ ခုနစ်မြို့နယ်မှ မီးသတ်ဦးစီးမှူးများ၊ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ (၅)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊စက်မှုဇုန်(၂)အတွင်းရှိ CYT ချည်မျှင်စက်ရုံ၌ ဟောပြောသရုပ်ပြသခြင်း၊ မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ် မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံထားရှိရေး၊ မီးငြိမ်းသတ်ရေးစနစ်များ တပ်ဆင်ထားရှိမှုများကို စစ်ဆေးအကြံပေးခြင်းနှင့် မီးဘေးသတိမူရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)

## ရပ်ကွက်၊ ကျေးရွာများအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေး လိုက်လံနှိုးဆော်

**မကွေး နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ မီးလန့်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် မကွေးမြို့နယ် ရပ်ကွက်၊ကျေးရွာများအတွင်း မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတိမူရေး နှိုးဆော်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေးနှိုးဆော်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးသူ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဆိုင်ရာ နှိုးဆော်ခြင်းများ လှည့်လည်ဆောင်ရွက်ခဲ့ကြပြီး မီးသတ်စီးဦးဌာနအနေဖြင့် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်/ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိပြုရေး နှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို အချိန်အပိုင်းအခြားမြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## အလူမီနီယံချောင်းများ ခိုးယူသူ အမျိုးသမီးသုံးဦးအား ဖမ်းဆီးအရေးယူ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ အလူမီနီယံချောင်းများ ခိုးယူသူ အမျိုးသမီး သုံးဦးအား ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၇)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၃၃၁၀၇)ရှေ့အရောက်၌ တိုက်အတွင်းမှ လူသံများကြားရသဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ တိုက်အောက်လှေကားရင်း၌ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်နေသူများဖြစ်သည့် နီလာထွန်း(၃၂)နှစ်၊ သက်ထား(၂၉)နှစ်နှင့် နန်းစိုးဝေ(၂၅)နှစ် ဆိုသူတို့ သုံးဦးအား ဆာလာအိတ် အဝါရောင်ဖြင့် ထည့်ထားသည့် အလူမီနီယံချောင်း ပိဿာ ၃၀ ခန့်၊ ဝက်အူလှည့်နှစ်ချောင်းတို့နှင့်အတူ တွေ့ရှိရ၍ စစ်မေးခဲ့ရာ တိုက်ခန်းများအတွင်းမှ အလူမီနီယံတံခါးပေါင်များအား ဖြုတ်၍ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နီလာထွန်း(ပါ-၃)ဦးဆိုသူအား ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၇)နယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဥပဒေဘောင်တွင်း
နေထိုင်ခြင်း၊
ဘေးကင်းရန်ကွာ
လွှန်ချမ်းသာ။



## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်တို့၌ နှစ်လုံး၊သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့၊ ရွာမရပ်ကွက်အတွင်း လမ်းဘေး၌ ချောင်းခွကျေးရွာနေ ကျော်ဇင်ဦး(ခ)သုည(၄၄)နှစ် ဆိုသူသည် နှစ်လုံးထီ ရောင်းချနေကြောင်း သတင်းအရ အေလာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နှစ်လုံးထီရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၀၃,၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်ဇင်ဦး(ခ)သုညဆိုသူအား အေလာနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ ညနေ ၄ နာရီခွဲမိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ၄ကက်ကုန်းကျေးရွာနေ မဆုမြတ်မွန်(၂၅)နှစ်ဆိုသူ၏နေအိမ်၌ နှစ်လုံးထီ ရောင်းချနေကြောင်း သတင်းအရ နတ်တလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အောက်ထပ်ရှိ ကွပ်ပျစ်ပေါ်၌ ၎င်းအား နှစ်လုံးထီရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၅၁,၄၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဆုမြတ်မွန်ဆိုသူအား နတ်တလင်းမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီ ၁၀ မိနစ်တွင် နတ်တလင်းမြို့နယ်၊ညောင်ပင်ကုန်းကျေးရွာနေ ဒေါ်စန္ဒာဝင်း(ခ)မဖြူ(၅၀)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊သုံးလုံးထီရောင်းချနေကြောင်း သတင်းအရ တာပွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်ရှေ့ခန်း၌ နှစ်လုံး၊သုံးလုံးထီရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေကျပ် ၅၂,၂၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စန္ဒာဝင်း(ခ)မဖြူဆိုသူအား တာပွန်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊သဲကုန်းမြို့နယ်၊ သုခဝေဖြာရပ်ကွက်၊ ကာသက်ကလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပုတီးကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပုတီးကုန်းမြို့မှ မိုးတိမ်ပြင်ရွာဘက်သို့ လင်းလဲကျေးရွာနေ မင်းဌေးဦး(ခ)မွတ်တား(၄၇)နှစ်ဆိုသူ မောင်းနှင်ပြီး သရက်ကုန်းကျေးရွာနေ ဝင်းဇော်ဦး(၄၉)နှစ်ဆိုသူ လိုက်ပါလာသည့် ဆိုင်ကယ်မှာ အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သဖြင့် မင်းဌေးဦး(ခ)မွတ်တားဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဝင်းဇော်ဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် မင်းဌေးဦး(ခ)မွတ်တားဆိုသူအား ပုတီးကုန်းနယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

❖ စာမျက်နှာ ၂၄ မှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံး ရှိသည့်အနက် ယနေ့တွင် ၁၁ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိတရားမဝင်အဆောက်အအုံ ၂၁၇ လုံး ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင်အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။





ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ဝင်ရောက်နေထိုင်သူများ၏ အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများအား ဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။



တရားမဝင်ဝင်ရောက်နေထိုင်သူများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းနိုင်ရေး လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၆ ရက်မြောက်နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ အဆောက်အအုံ ၃၃ လုံးအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်း တစ်ပါတည်းဖြုတ်သိမ်း ယူဆောင်သွားကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်း နေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၆၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ရှစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား ခြောက်ဦး၊ ယူဂန်ဒါနိုင်ငံသား ခြောက်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၂၀၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦး၊ ထိုင်းနိုင်ငံသား ငါးဦး၊ ကာဇစ္စတန်နိုင်ငံသား တစ်ဦး၊ ဥဇဘတ်ကစ္စတန် နိုင်ငံသား တစ်ဦး၊ ဘီနင်နိုင်ငံသား တစ်ဦး၊ ဘူယွန်ဒီနိုင်ငံသား ရှစ်ဦး၊ တိုဂိုနိုင်ငံသားတစ်ဦး၊ စင်ကာပူနိုင်ငံသား တစ်ဦး စုစုပေါင်း ၁၅၆ ဦး တို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ် ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၇၄၆ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀၊ star Link ဘာန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့ကစစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၈၈ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၅၈၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၁၄၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၀၈ ဦးကိုသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်









KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။





KK Park နယ်မြေအပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။









KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးတွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်သို့ Oleksandra Oliynykova တက်ရောက်

**လန်ဒန် နိုဝင်ဘာ ၂၃**

ချီလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ယူကရိန်း တင်းနစ်မယ် Oleksandra Oliynykova တက်ရောက်ခဲ့သည်။

အဆိုပါ ယူကရိန်း တင်းနစ်မယ် Oleksandra Oliynykova သည် 2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Laura Samsonova ကို ၇-၆၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 LP Open by IND တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ယူကရိန်းတင်းနစ်မယ် Oleksandra Oliynykova နှင့် ပြင်သစ်တင်းနစ်မယ် Leolia Jeanjean တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## ကိုလ်ပါလ်မာသည် ခြေချောင်းရိုးကျိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၃**

ချဲလ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုလ်ပါလ်မာသည် ခြေချောင်းရိုးကျိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် မူလ ပေါင်ခြံဒဏ်ရာ ပြန်လည်သက်သာလာခဲ့သော်လည်း ယမန်နေ့က နေအိမ်တွင် အိမ်တံခါးနှင့် ခလုတ်တိုက်မိပြီး ဘယ်ဘက် ခြေချောင်းရိုးကျိုးဒဏ်ရာထပ်မံရရှိခဲ့ခြင်းကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

ကိုလ်ပါလ်မာသည် ဒဏ်ရာပြဿနာနှင့် ထပ်မံရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ကိုလ်ပါလ်မာသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ပွဲကစားပြီး ၄၅ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ (အောက်ပုံ)(NGB)



## ၂၀၂၁ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပေးဂိုးမရှိ သုံးပွဲဆက်နိုင်ပွဲရရှိသည့် မှတ်တမ်းတစ်ရပ် ချဲလ်ဆီးအသင်းပိုင်ဆိုင်

**လန်ဒန် နိုဝင်ဘာ ၂၃**

ချဲလ်ဆီးအသင်းသည် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပေးဂိုးမရှိဘဲ သုံးပွဲဆက်နိုင်ပွဲရယူနိုင်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဘန်လေအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း နည်းပြမာရက်စကာက "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ် ၁၂ ပွဲ ကစားအပြီးတွင် ရမှတ် ၂၃ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်ခဲ့သည်။

(အောက်ပုံ)(NGB)





## ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် နိုဝင်ဘာ ၂၃**

လက်ရှိကျင်းပနေသည့် ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ (အပေါ်ပုံ)

ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပေါ်တူဂီအသင်းနှင့် ဘရာဇီးအသင်း၊ ဩစတြီးယားအသင်းနှင့် အီတလီအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဖီဖာ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် နိုဝင်ဘာ ၂၄ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## သီယာဂိုဆေးလ်ဗားကို ခေါ်ယူရန် အေစီမီလန်အသင်း စိတ်ဝင်စား

**မီလန် နိုဝင်ဘာ ၂၃**

အေစီမီလန်အသင်းသည် ဖလူးမီနိစ်အသင်း နောက်ခံကစားသမား သီယာဂိုဆေးလ်ဗား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၄၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဖလူးမီနိစ်အသင်းနှင့်အတူ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၄၂ပွဲကစားကာ သုံးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ (အပေါ်ယာပုံ)

သီယာဂိုဆေးလ်ဗားကိုယ်တိုင်ကလည်း ဥရောပသို့ ပြန်လည်လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဖလူးမီနိစ်အသင်းထံမှ သီယာဂိုဆေးလ်ဗားကို ခေါ်ယူနိုင်မည်လားဆိုသည် မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ဘိုဝင်သည် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာသွားမည်

**လန်ဒန် နိုဝင်ဘာ ၂၃**

ဝက်စ်ဟမ်းအသင်း တောင်ပံကစားသမား ဘိုဝင်သည် လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်း အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဘိုဝင်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၅၀ကစားပြီး ၇၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် တောင်ပံကစားသမား ဘိုဝင်အနေဖြင့် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)



## ဗင်နီစီယက်စ်ကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် နိုဝင်ဘာ ၂၃**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး ဗင်နီစီယက်စ်ကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃၉ပွဲကစားပြီး ၁၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "ဗင်နီစီယက်စ်ကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်ထားသည်။

(အောက်ပုံ) (NGB)



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၁-၂၀၂၅ | (၇)မန်ယူ - အဲဗာတန်(၁၃) | မန်ယူ ၄-၀ အဲဗာတန် | မန်ယူ(အိမ်) | ၅ | ၄ | - | ၁ | ၁၁ | ၆ |
| နံနက်၀၂:၃၀နာရီ | (L,L,W,D,D) (L,W,L,L,D) | အဲဗာတန် ၂-၂ မန်ယူ | အဲဗာတန်(ဝေး) | ၅ | ၁ | ၁ | ၃ | ၅ | ၈ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၁-၂၀၂၅ | (၁၂)တိုရီနို - ကိုမို(၇) | တိုရီနို ၁-၀ ကိုမို | တိုရီနို(အိမ်) | ၅ | ၂ | ၂ | ၁ | ၅ | ၆ |
| နံနက် ၀၀:၀၀နာရီ | (W,W,D,D,D) (W,D,W,D,D) | ကိုမို ၁-၀ တိုရီနို | ကိုမို(ဝေး) | ၅ | ၁ | ၃ | ၁ | ၃ | ၃ |
| ၂၅-၁၁-၂၀၂၅ | (၈)ဆက်ဆူအိုလို - ပီဆာ(၁၆) | ဆက်ဆူအိုလို ၁-၀ ပီဆာ | ဆက်ဆူအိုလို(အိမ်) | ၅ | ၂ | - | ၃ | ၅ | ၆ |
| နံနက် ၀၂:၁၅နာရီ | (D,L,W,L,W) (D,D,D,D,W) | ပီဆာ ၃-၁ ဆက်ဆူအိုလို | ပီဆာ(ဝေး) | ၅ | - | ၃ | ၂ | ၇ | ၁၂ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၅-၁၁-၂၀၂၅ | (၆)အက်စ်ပန်ညို - ဆီဗီလာ(၉) | အက်စ်ပန်ညို ၀-၂ ဆီဗီလာ | အက်စ်ပန်ညို(အိမ်) | ၇ | ၄ | ၁ | ၂ | ၁၀ | ၉ |
| နံနက်၀၂:၃၀နာရီ | (L,W,W,L,L) (W,L,L,L,W) | ဆီဗီလာ ၁-၁ အက်စ်ပန်ညို | ဆီဗီလာ(ဝေး) | ၆ | ၃ | - | ၃ | ၈ | ၉ |

### AFC အာရှဖလား (ယူ-၁၇)ဘောလုံးပြိုင်ပွဲ (အုပ်စု - G)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၄-၁၁-၂၀၂၅ တနင်္လာနေ့ | ညနေ၄:၀၀နာရီ | နီပေါ - မြန်မာ |
| ။ | ည၇:၀၀နာရီ | ဆီးရီးယား - အိုမန် |

# ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်း၊ ရွှေကြာသက်န်းရက်လုပ်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းအခမ်းအနား ကျင်းပ





**မန္တလေး နိုဝင်ဘာ ၂၃**

အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ မဟာမေ့ရုံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏ ဝရဒါဌာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)၏ အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကောသလ္လ အမှူးပြုပြီး ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား ပထမပိုင်းကို စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်တော်တွင် ကျင်းပရာ စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောသလ္လ အမှူးပြုသော ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံက ငါးပါးသီလခံယူ ဆောက်တည်ကာ ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက စွယ်တော်မြတ်စေတီအား ရည်မှန်း၍ ဆရာတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်ပြီးနောက် စွယ်တော်မြတ်နှင့် မုဒြာကိုးမျိုး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ကပ်လှူကြသည်။

ဆက်လက်၍ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဒုတိယပိုင်းအခမ်းအနား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းကို စွယ်တော်မြတ်စေတီတော်ရင်ပြင်တော်တွင် ဆက်လက်ကျင်းပရာ ဘုရားအမှူးပြုပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်နှင့်တကွ သံဃာတော် ၄၅ ပါးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။

(မန္တလေးနေ့စဉ်)





## ချမ်းသာလှပရဟိတအခမဲ့ဆေးခန်းဖွင့်ပွဲ ကျင်းပ



**ပုသိမ်ကြီး နိုဝင်ဘာ ၂၃**

ချမ်းသာလှပရဟိတအခမဲ့ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့ ဓမ္မစကြာဝိမာနကျောင်းတိုက်အတွင်းရှိ ချမ်းသာလှစေတီတော်၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဝေလင်းဗိုလ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွန်း၊ ချမ်းသာလှ ပရဟိတ အခမဲ့ ဆေးခန်းအဖွဲ့ ဥက္ကဋ္ဌ၊ အနန္တသုခမေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း အုပ်ချုပ်သူ ဦးဟန်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဆေးကုသပေးမည့် ဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အစီအစဉ်အရ ချမ်းသာလှပရဟိတအခမဲ့ဆေးခန်းကို မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ ချမ်းသာလှပရဟိတအခမဲ့ဆေးခန်းအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အသင်းနာယက ဦးထွန်းခင်(စာရေးဆရာ မာဃသိန္ဓု-ပုသိမ်ကြီး)၊ ဦးချစ်သိန်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ဒုတိယဦးစီးမှူးတို့က မုဒိတာစကားပြောကြားကြသည်။ ထို့နောက် အခမဲ့ဆေးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ဥက္ကဋ္ဌက ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါအခမဲ့ဆေးခန်းတွင် မည်သူမဆို ကုသနိုင်ပြီး နေ့စဉ်အလှည့်ကျဆရာဝန်များက စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၉၁)

၀-၀-၀-၀-၀

ဝတ္ထုတိုကဏ္ဍ

# သား သိပါပြီ

နိုင်ဗလ



"အဘိုးလေး သား စာအုပ်ဖိုး လိုလို့"

"အေး သားလေး သန်ဘက်ခါလောက်မှ ယူနော်"

. . . . . .

"အဘိုးလေး ဒီနေ့ သားကို မုန့်ဖိုးပိုပေးလိုက် သူငယ်ချင်းတွေကို မုန့်ဝယ်ကျွေးချင်လို့"

"မနက်ဖြန်မှ ကျွေးပါလား သားရေ ဒီနေ့ အဘိုးလေးလက်ထဲ ပိုက်ဆံပြတ်နေလို့"

. . . . . .

"အဘိုးလေး သားကို အနွေးထည်ဝယ်ပေးဦး သားအင်္ကျီက ဟောင်းနေပြီ"

"အေး အေး သန်ဘက်ခါအဘိုးလေး ဝယ်ပေးမယ်"

. . . . . .

ကျွန်တော် ဥမမယ် စာမမြောက် လူမှန်း မသိခင်ကတည်းက အဘိုးလေး လူပျိုကြီးက ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့တာပါ။ မိဘနှစ်ပါးကတော့ ကွယ်လွန်ဆုံးပါးခဲ့တာကြာပါပြီ။

နွေရာသီ ညတစ်ညမှာပေါ့။ အမေက ကျွန်တော့်ကို မွေးဖွားပြီး မီးနေခန်းထဲမှာပဲ ရှိသေးတယ်။ ရွာထဲကို ရောင်စုံသူပုန်တွေ ဝင်လာပါလေရော။ ရွာထဲက လူတွေ ထွက်ပြေးကြပေမယ့် အဖေကတော့ မီးနေသည်နဲ့ သား၊ သမီးဖေကြောင့် ဘယ်မှ မသွားဘဲ အိမ်မှာပဲ စောင့်နေခဲ့တယ်ပေါ့။ တိုတိုပြောရင် အဖေ့ကို ပစ်သတ်သွားကြတယ်။ မီးနေခန်းက ထွက်လာပြီး တောင်းပန်တဲ့ အမေ့ကိုလည်း အလွတ်မပေးခဲ့ပါဘူး။ ဒီလိုနဲ့ပဲ ကျွန်တော်လည်း မွေးလာကတည်းက မိဘမဲ့ဖြစ်လာရတယ်ပေါ့ဗျာ။ အဘိုးလေးက မိဘနေရာက ပြုစုစောင့်ရှောက်မပေးခဲ့ရင် ကျွန်တော်လည်း လူဖြစ်လာမှာမဟုတ်ဘူး။

"ဗျာ… ကျွန်တော်တို့နေတဲ့ ရွာလား၊ စစ်တောင်းမြစ်ကမ်းနဖူးက ရွာလေးပေါ့ဗျာ။ ခဝဲချောင်းရွာကလေးပေါ့။ စစ်တောင်းမြို့ဆိုတဲ့ မြို့နဲ့ ချောင်းလက်တက်လေးပဲ ခြားတာပေါ့။ ဟုတ်တယ်ဗျ။ မြို့လိုသာဆိုရတာ ခေတ်အဆက်ဆက် စစ်ရဲ့လမ်းကြောင်းကျလို့ မြို့ဆိုတာထက် ရွာကြီးတစ်ရွာလောက်ပဲ စည်ကားတော့တာပါ။ ဂျပန်ခေတ်ကလည်း စစ်ဘေးဒဏ်ခံရတာပဲ။ အင်္ဂလိပ်ခေတ်ကလည်း စစ်ဒဏ်ခံရတာပဲ။ ရောင်စုံသူပုန်ခေတ်မှာလည်း စစ်ဒဏ်ခံရတာပါပဲ။ မငြိမ်းချမ်းခြင်းရဲ့ အနိဋ္ဌာရုံတွေကို ကာလရှည်ခံစားကြုံတွေ့ရတဲ့ဒေသလေးတစ်ခုပေါ့။ နောက်ပိုင်းတပ်မတော်ရဲ့ ကင်းစခန်းလေး တစ်ခု ရွာနဲ့ မလှမ်းမကမ်းမှာ ရှိလာကတည်းက ရွာကို ရောင်စုံသူပုန်တွေ အရင်လို ခပ်စိပ်စိပ်မဝင်ရဲတော့ဘူး။ ဝင်လာရင်လည်း ချက်ချင်းဝင်၊ ချက်ချင်းထွက်၊ ခပ်သွက်သွက်ပဲ လှုပ်ရှားကြတော့တယ်။

"ဟုတ်ကဲ့…များသောအားဖြင့် ညပိုင်းမှာပဲ သူတို့လာတတ်ကြတယ်ဗျ။ အမှောင်ကို အကာအကွယ်ယူပြီး လာကြတာ များပါတယ်

ကျွန်တော့်အဘိုးလေးလား… ကျွန်တော်ငယ်ငယ်ကတည်းက အိပ်ရာဝင်ပုံပြင်တွေကို ပြောပြတာပေါ့ဗျာ။ တစ်နေ့တစ်မျိုး မရိုးရဘူး

ပုံပြင်တွေကလား ပဋိပက္ခတွေကို အခြေခံတဲ့ အတွေ့အကြုံ ဒုက္ခ၊ သုခ၊ ပုံပြင်တွေက များတာပါပဲ။ သူတစ်သက်လုံး တွေ့ကြုံခဲ့ရတာကို" အင်္ဂလိပ်စစ်ဗိုလ်တပ်တွေ ရွာနားက ဘုရားကုန်း ကျိုက်ကလွန်ပွန်းမှာ စခန်းချတုန်းက အတွေ့အကြုံဇာတ်လမ်းတွေ၊ ဂျပန်တွေ ဝင်လာတဲ့အကြောင်းတွေ၊ အင်္ဂလိပ်တပ်တွေ ဆုတ်ခွာတော့ ဘုရားကုန်းပေါ်ကနေ လေယာဉ်တွေကို အသေခံပြီး စက်သေနတ်နဲ့ ဟန့်တားခဲ့တာတွေ၊ စစ်တောင်းတံတားကြီးကို ချိုးပစ်ခဲ့ကြတာတွေ၊ စစ်တောင်းတံတားပျက်ကြီးဆီက ပုံပြင်တွေ၊ လူတွေ ဘယ်လောက်ဒုက္ခရောက်ခဲ့ကြပေမယ့် နာကျည်းခဲ့ကြပေမယ့် ဆုတ်ခွာလာတဲ့ မဟာမိတ်တပ်က အရာရှိတွေကို အငြိုးမထားဘဲ ကယ်ဆယ်ခဲ့ကြတာတွေ၊ ဂျပန်အရာရှိတွေက ရွာက အဘိုးတို့ကို ဗုဒ္ဓဘာသာထုံးစံနဲ့ အခါကြီးရက်ကြီးတွေမှာ ကန်တော့ကြပုံ၊ ရန်သူအရာရှိကို ကယ်တင်ထားမှန်း သိသော်လည်း ဂျပန်အရာရှိများက ရွာက လူကြီးတွေကို လေးစားသမှုနဲ့ မသိယောင်ဆောင်ရှောင်ပေးခဲ့တဲ့ဖြစ်ရပ်တွေ၊ ဒါတွေက စိတ်အာရုံထဲမှာ မပျောက်နိုင်ခဲ့တဲ့ အိပ်ရာဝင်ပုံပြင်တွေပေါ့ဗျာ။

ဒီလိုနဲ့ပဲ ကျွန်တော်လည်း အဘိုးလေးရဲ့ ကျွေးမွေးစောင့်ရှောက်မှုနဲ့ အဋ္ဌမတန်းကျောင်းသားဘဝကို ရောက်လာခဲ့တာပေါ့။

အဘိုးလေးလား… မိရိုးဖလာ လယ်ယာလုပ်ငန်းလုပ်တယ်လေ။ လယ်နားချိန် တောတက်၊ ဝါးခုတ်၊ သစ်ဆွဲ စတာတွေနဲ့ ရှာကျွေးခဲ့တာပေါ့။ အိမ်မှာ ကျွဲကြီးနှစ်ကောင်ရှိတယ်ဗျ။ အဘိုးလေးရဲ့ ကျွဲနှစ်ကောင်က နာမည်ကြီး အကောင်ကလည်း ထွား၊ အားကလည်း သန်လို့ ဆင်လောက်ကို အားကိုးရတာ သစ်ဆွဲဖို့ဆို အဘိုးလေးနဲ့ ကျွဲတွေကို လာခေါ်တော့တာပဲ။

ကျွန်တော်လား… အဘိုးလေးကို ကူမယ်လို့ ပြောပါတယ်။ "ငယ်သေးတယ်။ ပညာကိုပဲ ကြိုးစားသင်၊ တောအလုပ်၊ လယ်အလုပ်က ပင်ပန်းတယ်၊ မခိုင်းရက်ဘူးတဲ့ဗျ"

ကျွန်တော် အဋ္ဌမတန်းကျောင်းသား အရွယ် လူပုံကန္တဲ့နဲ့ပေမယ့် ခန္ဓာကိုယ်က ကျစ်လျစ်သန်မာတော့ ကိုယ့်အား ကိုယ်ကိုးမယ်ဆိုတဲ့ မာန်ကလည်း တကြွကြွနဲ့ပေါ့။ ဘာပဲလိုလို အဘိုးလေးက ဖြည့်ဆည်းပေးခဲ့တာချည်းပဲ။ ဒါပေမယ့် ချက်ချင်းမရဘဲ အမြဲရက်စောင့်ခဲ့ရတယ်။ တစ်ရက်သားက အဘိုးလေး နေမကောင်းဖြစ်ပါရော။ ကျွန်တော်လည်း အစွမ်းကုန်ပြုစုပေးပါတယ်။ နေကောင်းတော့ အဘိုးလေးရေအိမ်မှာပဲ နားပါဦးဆိုပြီး သူငယ်ချင်းရဲ့ အလွှာအိမ်မှာ အိပ်မယ် အကြောင်းပြပြီး တောတက်ဝါးခုတ်လိုက်သွားခဲ့တယ်။ အဘိုးလေးလုပ်ရမယ့် အလုပ်ကို ဝင်လုပ်မယ်ပေါ့လေ။ တောတိုးရတဲ့ ခရီးက အင်မတန်ပင်ပန်းဆင်းရဲမှန်း ကိုယ်တွေ့သိခဲ့ရသဗျ။ ဒီလိုနဲ့ တောင်ပေါ်မှာ ဝါးတွေခုတ်ကြရောဆိုပါတော့။ အဘိုးလေးရဲ့ သူငယ်ချင်းက ငါ ဝါးမရရင်နေ မင်းနားမှာ သင်ပေးရမယ့် တာဝန်ရှိသကွဆိုပြီး ကျွန်တော့်နားက မခွာတော့ဘူး။ ရတယ်ဗျ။ ကျွန်တော့် ဘာသာခုတ်မယ်ဆိုပြီး ထွက်သွားတာပေါ့။ တောင်စောင်းတစ်နေရာမှာ ဝါးအရင့်တွေ တွေ့တော့ ဝါးတစ်လုံးကို စခုတ်လိုက်တာပေါ့။ အဘိုးလေးသူငယ်ချင်းက အပြေးရောက်လာပြီး "မင်း အခုခုတ်တဲ့ ဓားချက်က မင်းအသက်တစ်ခါတည်း ပါသွားမှာကွ ဖယ်စမ်း ငါပြမယ်ဆိုပြီး ဝါးပင်ပေါ်မှာ တွယ်တက်နေသော နွယ်ပင်များရဲ့ အနေအထား၊ ဝါးရဲ့ ကိုင်းညွတ်နေတဲ့ အနေအထား၊ ဓားခုတ်လျှင် စောင်းခုတ်ရသဖြင့် ချွန်ထက်နေသော ဝါးဖျားက ညွှတ်အားဖြင့် ကန်ထွက်၍ မိမိအား စိုက်ဝင်တတ်ကြောင်း၊ နွယ်များကို ရှင်းပုံ၊ နေရာယူပုံမှအစ သင်ကြားပေးခဲ့တာပေါ့။ အဲဒီနေ့က အခကြေးငွေအရ နည်းခဲ့ပေမယ့် ဝါးနှင့်ပတ်သက်ပြီး ပညာအတော်ရခဲ့ပါတယ်။ ဘယ်အလုပ်မဆို ပညာပါသည်ကို သိခဲ့ရတယ်။ ပင်ပန်းသည်မှာလည်း တရားလွန်။ နောက်နေ့မှာ အဘိုးလေးက ဆူတော့တာပေါ့။ ပင်ပန်းအန္တရာယ်များသော အလုပ် မလုပ်စေလို၍ ပညာသင်စေခဲ့ကြောင်း၊ အရွယ်ရောက်လာပြီဖြစ်၍ အချို့အလုပ်များကို တွဲသင်ပေးရင်ဖြစ်ကြောင်း စာသာ ကြိုးစားသင်ဖို့ ဆုံးမခဲ့တယ်။

ကျွန်တော်ကလည်း ဒါဆို အဘိုးလေးနဲ့ နောက်နေ့သစ်ဆွဲလိုက်ခဲ့မယ်နော်။ သင်ပေးလို့ အခွင့်သင့်တုန်း ပြောရတာပေါ့။

ရွာဦးကျောင်းက တုန်းမောင်းခေါက်ပြီ။ ကျွန်တော်အမြန်ထပြီး အဘိုးလေး စားဖို့ ငါးပေါင်းကြော်နဲ့ ကောက်ညှင်းပေါင်းဝယ်ပြီး ရေနွေးတစ်အိုးနဲ့ အဆာပြေစားရင်း သားလိုက်မှာနော် အဘိုးလေးလို့ ပြောတော့ အဘိုးလေးက ဘာမှမပြောပါ။

အစာကျွေးထားပြီးသော ကျွဲနှစ်ကောင်ကို အိမ်ရှေ့ကို ဆွဲခဲ့ပြီး ထမ်းပိုးတုံးဆင် အိမ်ပေါ်က အိတ်ထဲက သံကြိုးကို ဘယ်လိုသယ်ရမှန်းမသိ၊ သံကြိုးအိတ်ကို မမ,နိုင်၊ အိတ်ကို တရွတ်ဆွဲကြည့်သည် မရွေ့။ ခါတိုင်းအဘိုးလေး သွားလျှင် ကိုယ်က အိပ်တုန်းမို့ ဘယ်လိုလုပ်မှန်းမသိ။ အဘိုးလေးက ပြုံးလျက်ကြည့်နေသည်။ သံကြိုးစကို ရှာပြီး တရွတ်ဆွဲသွားသည်။ တံပိုးနားရောက်တော့ အဘိုးလေးက ထလာပြီး သံကြိုးစကို တံပိုးပေါ်တင်ပြီး ဆွဲလိုက်၊ ခေါက်လိုက်၊ တင်လိုက်ဖြင့် တံပိုးပေါ် သံကြိုးကြီး ရောက်သွားသည်။ ဒီလိုတော့လည်း လွယ်သားပဲ။ စစ်တောင်းမြစ်ကမ်းဘက် ထွက်ခဲ့ပြီး သစ်ဆိပ်ကိုရောက်ပြီး အဘိုးလေး၏ လုပ်ကိုင်မှုကို သေချာစွာ လေ့လာမှတ်သားရသည်။ ကြီးမားသော သစ်တုံးကြီးကို ချောင်းရိုးတစ်လျှောက် ဆွဲခဲ့ပြီး နွံကြောင်းကို ဘယ်လိုကြည့်၊ ရေစီးကြောင်းက ဘယ်လို၊ ကျွဲတွေ ရုန်းနိုင်တဲ့ အနေအထားက သည်လို၊ အန္တရာယ် ဖြစ်နိုင်သော နေရာက ဒါ ဆိုပြီး သင် ပေးခဲ့သည်။

နောက်နေ့ တစ်ဦးတည်း သွား၍ သစ်ဆွဲသည်။ အတင်းအားစိုက် ဂရုစိုက်ရ၍လားမသိ။ ပင်ပန်း၍ ဖျားတော့သည်။ အဘိုးလေးက ပြုစုရပြီ။ နောက်ကြုံတိုင်း အဘိုးလေးကို နားစေ၍ ကူညီပေးဖြစ်သည်။

ကျွန်တော် ကျောင်းမှန်မှန်တက်သည်။ ကျောင်းပိတ်ရက်တွင် အဘိုးလေးကို ကူညီ၏။ ညပိုင်းသေနတ်သံကြားလျှင် အိမ်နီးချင်းကလေးများကို ဆွဲ၍ ဘေးလွတ်ရာ ပြေးပုန်းသည်။ နောက်ပိုင်း ရောင်စုံသူပုန်များ အလာကျဲသည်။ လာလျှင်လည်း တပ်မတော်၏ ကင်းနှင့်တွေ့၍ အပစ်ခံရသည်ကများသည်။ ထို့ကြောင့် ပြေးရလွှားရ သက်သာလာသည်။ အရင်က အဘိုးလေးထံက တစ်စုံတစ်ရာတောင်းလျှင် အဘိုးလေးက ချက်ချင်းမပေးနိုင်။ နောက်နေ့မှပေးသည်။ ထိုသို့ ပေးနိုင်အောင် ပင်ပန်းစွာ လုပ်ကိုင်ပြီးမှ ရသည်။ မသိခင်က အဘိုးလေးကို စိတ်ကွက်သည်။ အခု အဘိုးလေးကို ကိုယ်ချင်းစာတတ်ပြီး မပူဆာတော့။ ချွေတာသုံးသည်။ စာကြိုးစားမည်။ ပညာတတ်ဖြစ်လျှင် အဘိုးလေးကို တစ်သက်လုံး ပြုစုနိုင်မည်ဟု ….။

# ယူကရိန်းပဋိပက္ခအဆုံးသတ်ရန် အမေရိကန်နှင့် ရုရှားတို့က ငြိမ်းချမ်းရေးအစီအစဉ်သစ် ရေးဆွဲ



ဝါရှင်တန် နိုဝင်ဘာ ၂၃

ယူကရိန်းပဋိပက္ခ အဆုံးသတ်ရန် အမေရိကန်နှင့် ရုရှားတို့ ရေးဆွဲခဲ့သည့် ငြိမ်းချမ်းရေး အစီအစဉ်သစ်ကို လာမည့် ရက်သတ္တပတ်အတွင်း လက်ခံသဘောတူညီရန် ယူကရိန်းအားသမ္မတ ဒေါ်နယ်ထရမ့်က တိုက်တွန်းထားကြောင်း သိရသည်။

အဆိုပါ ငြိမ်းချမ်းရေးအစီအစဉ်တွင် အမေရိကန်နှင့် ရုရှား နှစ်နိုင်ငံ တာဝန်ရှိသူများက အဆိုပြုချက် ၂၈ ချက်ကို ထည့်သွင်းရေးဆွဲခဲ့ကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ ဗြိတိန်သတင်းစာ Financial Times က ယမန်နေ့တွင် သတင်းဖော်ပြခဲ့သည်။

ဦးဆောင်ကြိုးပမ်း

အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် ရုရှားသမ္မတ၏အထူးကိုယ်စားလှယ် ကီရေးလ်ဒီမီထရေးဗ်တို့က ငြိမ်းချမ်းရေးအစီအစဉ်သစ် ထွက်ပေါ်လာရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည်။

ငြိမ်းချမ်းရေး အစီအစဉ်တွင် ယူကရိန်းအရှေ့ပိုင်း ဒိုနက်စ်ခ်နှင့် လူဟန့်စ်ခ်ဒေသများကို စွန့်လွှတ်ပြီး ၎င်း၏ အင်အားကို ထက်ဝက် လျှော့ချရန် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် အဓိက အသုံးပြုလျက်ရှိသည့်အားကောင်းသော လက်နက်အမျိုးအစားများကို စွန့်လွှတ်ရန်နှင့် အမေရိကန်၏ စစ်ရေးအကူအညီများ ပြန်လည်ပေးအပ်ရန် တောင်းဆိုထားကြောင်း သိရသည်။ နိုင်ငံခြားတပ်များကို တပ်စွဲထားခွင့် မပြုရန်နှင့် အနောက်နိုင်ငံများ၏ တာဝေးပစ်လက်နက်များကိုလည်း လက်ခံခြင်းမပြုရန်လည်း တောင်းဆိုထားသည်။

ယူကရိန်း၌ရုရှားဘာသာစကားကို တရားဝင် နိုင်ငံတော်ဘာသာစကားအဖြစ် အသိအမှတ်ပြုပြဋ္ဌာန်းရန် တောင်းဆိုထားသည်။

သဘောတူညီချက်တစ်ရပ် ရရှိပါက လက်ရှိထိန်းချုပ်ထားသည့် ခါဆွန်နှင့် ဇာပိုရေးဇီးယားဒေသများကို ရုရှားက ပြန်လည်ပေးအပ်နိုင်ဖွယ်ရှိကြောင်း အမေရိကန် သတင်းဝက်ဘ်ဆိုက် Axios က သတင်းဖော်ပြသည်။

ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အနုသုခုမ ဗိသုကာလက်ရာ အစဉ်အလာ နှစ် ၁၀၀ ပြည့်ပြီ

ပဲရစ် နိုဝင်ဘာ ၂၃

အနုပညာပုံစံသစ်တစ်ခု ဖြစ်သည့် အနုသုခုမ ဗိသုကာ အလှဆင် ပညာရပ်သည် ၁၉၂၅ ခုနှစ် ပဲရစ်မြို့ရှိ ထင်ရှားသော ဗိသုကာပြပွဲတစ်ခုတွင် ပထမဆုံး အကြိမ်အဖြစ် ပေါ်ထွက်လာခဲ့ရာ ယခုနှစ် ၁၀၀ ပြည့်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုအချိန်မှစ၍ နှစ် ၁၀၀ အတွင်း နီယွန်မီးရောင်များ လင်းလက်နေသည့် ဂျက်ဇ်ဘားများ၊ ရုပ်ရှင်ခေတ်၏ ရွှေရောင်လွှမ်းသော အသွင်အပြင်များကို ဖော်ညွှန်းသည့် ဤဆွဲဆောင်မှုရှိသော အဆောက်အအုံပုံစံသည် ကမ္ဘာ့တစ်ဝန်းသို့ လျင်မြန်စွာ ပျံ့နှံ့ခဲ့သည်။

၎င်းသည် မိုင်ယာမီမြို့ တောင်ဘက်ကမ်းခြေရှိ နူးညံ့သော အရောင်များဖြင့် ခြယ်သထားသည့် ဟိုတယ်မျက်နှာစာများမှသည် မွမ်ဘိုင်းမြို့ မာရင်းဒရိုက် ပင်လယ်ကမ်းနားတစ်လျှောက်ရှိ ကျယ်ပြန့်သော ကြီးမားသည့် တိုက်ခန်းများနှင့် စံအိမ်များအထိ ရောက်ရှိသွားသည်။

အဆိုပါဗိသုကာအလှဆင် ပညာရပ်၏ ထူးခြားသော အမှတ်အသားများဖြစ်သည့် ဂျီသြမေတြီပုံစံ လှေကားထစ်မျော်စင်များ၊ အကွေးအဝိုက်မျဉ်းများ၊ နေရောင်ခြည်ဖြာထွက်သည့် ပုံစံများ၊ ရေကြောင်းဆိုင်ရာ အစိတ်အပိုင်းများနှင့် စက်ဝိုင်းပုံ သို့မဟုတ် မျှော်စင်ပုံခေါင်မိုးများသည် အတိတ်နှင့် ပြတ်ပြတ်သားသား ကွဲထွက်မှုကို ကိုယ်စားပြုပြီး ပဋိပက္ခပြီးခေတ် ၂၀ ရာစု၏ ခေတ်မီ မှုအသစ်ကို ပွင့်လင်းစွာ ဂုဏ်ပြုဖော်ညွှန်းခဲ့ကြောင်း သိရသည်။

Mon



## တရုတ်အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ မဟာပင်လယ်အော်ဒေသ၏ ပေါင်းစည်းမှုကို မြှင့်တင်ပေးခဲ့



ပေကျင်း နိုဝင်ဘာ ၂၃

ဒေသအချင်းချင်း စည်းလုံးညီညွတ်မှုကို အားကစားစွမ်းရည်နှင့်အတူ ဂုဏ်ပြုကျင်းပသည့် တရုတ်နိုင်ငံ၏ အမျိုးသားအားကစားပွဲတော်သည် ကစားကွင်းပြင်ပနှင့် ကစားကွင်းအတွင်း နှစ်မျိုးလုံး၌ နက်ရှိုင်းသော အမွေအနှစ်များကို ချန်ထားခဲ့ကာ ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော်ဒေသ၏ ပေါင်းစည်းမှုကို မြှင့်တင်ပေးသည့် အမှတ်ရစရာဖြစ်ရပ်ကို အဆုံးသတ်နိုင်ခဲ့သည် စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်ပတ်ကြာ ပြင်းထန်သော ပြိုင်ဆိုင်မှုများနှင့် တရုတ်နိုင်ငံတောင်ပိုင်း၏ ယဉ်ကျေးမှုကို ကျယ်ပြန့်စွာ ပြသပြီးနောက် နိုင်ငံ၏ လေးနှစ်တစ်ကြိမ် အကြီးဆုံး အားကစားပွဲတော်ကြီးသည် ကွမ်တုန်းပြည်နယ်၊ ရှန်ကျန်းမြို့တွင် သောကြာနေ့က ကျင်းပသော အမြင်အာရုံဆိုင်ရာ ရင်သပ်ရှုမောဖွယ် အခမ်းအနားတစ်ခုဖြင့် ပါဝင်ယှဉ်ပြိုင်သူများကို နှုတ်ဆက်ခဲ့ပြီး၊ ပိုမိုကြီးမားသော ပွဲများကို လက်ခံကျင်းပရာတွင် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှု အလားအလာများအတွက် ပရိသတ်ကို စိတ်လှုပ်ရှားစေခဲ့သည်။

ရှန်ကျန်းမြို့၏ ပင်လယ်ကွေ့ ရေကန်ဘေး ဇာတ်ရုံတွင် ကျင်းပသည့် ပွင့်လင်းမြေပြင် ပိတ်ပွဲအခမ်းအနားတွင် မြို့ပြညရှုခင်း၏ ထွန်းလင်းတောက်ပနေသော နောက်ခံမြင်ကွင်းနှင့် ရေဖုံးအုပ်ထားသော စင်မြင့်ပေါ်တွင် အားကစားအောင်မြင်မှုများ၊ ယဉ်ကျေးမှုမျိုးစုံနှင့် အိမ်ရှင်ဒေသများအကြား ခိုင်မာသော ဆက်ဆံရေးကို ဂုဏ်ပြုသည့် အနုပညာဖျော်ဖြေမှုများ ပါဝင်ခဲ့ပြီး၊ စိတ်လှုပ်ရှားဖွယ်အသံနှင့် ရုပ်ပုံသက်ရောက်မှုများဖြင့် မြှင့်တင်ပေးခဲ့သည်။

ကွမ်တုန်းနှင့် အထူးအုပ်ချုပ်ခွင့်ရ ဒေသများဖြစ်သော ဟောင်ကောင်နှင့် မကာအိုတို့ ပူးပေါင်းကျင်းပသည့် ပထမဆုံး အကြိမ်ဖြစ်သည့် ထိုမျိုးစုံအားကစားပွဲ၏ အောင်မြင်မှုသည် တစ်နိုင်ငံ၊ စနစ်နှစ်မျိုး ပေါ်လစီ၏ အရေးပါမှုကို ရှင်းလင်းစွာ သက်သေပြလိုက်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများနှင့် ပါဝင်ဆင်နွှဲသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## တိုက်တန်းနစ်မှ ရွှေနာရီ အမြင့်ဆုံးဈေးဖြင့် ရောင်းချ စတာလင်ပေါင် ၁ ဒသမ ၇၈ သန်းအထိ စံချိန်တင်ရရှိခဲ့

လန်ဒန် နိုဝင်ဘာ ၂၃

တိုက်တန်းနစ်သင်္ဘော ပေါ်ရှိ အချမ်းသာဆုံး ခရီးသည် တစ်ဦး၏ ရုပ်အလောင်းမှ ပြန်လည်တွေ့ရှိရသော ရွှေအိတ်ဆောင်နာရီတစ်လုံးသည် လေလံပွဲတွင် စတာလင်ပေါင် ၁ ဒသမ ၇၈ သန်းဖြင့် "စံချိန်တင်" ရောင်းချနိုင်ခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အိုင်ဆီဒေါ စထရောက်စ်နှင့် ၎င်း၏ဇနီးဖြစ်သူ အိုင်ဒါတို့သည် ၁၉၁၂ ခုနှစ် ဧပြီ ၁၄ ရက်နေ့တွင် အတ္တလန္တိတ်သမုဒ္ဒရာ၌ ရေခဲတုံးနှင့် တိုက်မိပြီး နစ်မြုပ်သွားသည့် ဆောက်သမ်တန်မှ နယူးယောက်သို့ ခရီးသွားနေသော တိုင်တန်းနစ်သင်္ဘောပေါ်တွင် သေဆုံးခဲ့သည့် လူပေါင်း ၁,၅၀၀ ကျော်ထဲမှ ဖြစ်သည်။

ထိုသင်္ဘောကြီးနစ်မြုပ်ပြီး ရက်အနည်းငယ်အကြာတွင် ၎င်း၏ရုပ်အလောင်းကို အတ္တလန္တိတ်သမုဒ္ဒရာမှ ပြန်လည်ဆယ်ယူရရှိခဲ့ပြီး ၎င်းပိုင်ပစ္စည်းများထဲတွင် ၁၈ ကာရက်ရှိသော ဂျူးလ်ဂျာဂန်ဆန်အိတ်ဆောင်ရွှေနာရီတစ်လုံး ပါဝင်သည်။

စထရောက်စ်ဇနီးမောင်နှံ၏ မိသားစုလက်ထဲတွင် ကျန်ရှိနေခဲ့သည့် ထိုနာရီကို စနေနေ့က ဝီလ်ရှိုင်းယားရှိ ဒယ်ဗိုက်ဇက်မြို့မှ ဟင်နရီ အောလ်ဒရစ်ချ်နှင့် သားများ လေလံပွဲရောင်းချသူများထံတွင် ရောင်းချခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



## ဗီယက်နမ်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ရေကြီးမှုဖြစ်ပွား သေဆုံးသူ ၉၀ အထိ မြင့်တက်လာ

ဟနွိုင်း နိုဝင်ဘာ ၂၃

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ပြင်းထန်သော ရေကြီးမှုကြောင့် သေဆုံးသူအရေအတွက်သည် ၉၀ အထိ တိုးလာကြောင်း အာဏာပိုင်များက ပြောကြားခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံသည် ရက်ပေါင်းများစွာ ရပ်တန့်ခြင်းမရှိသော မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဆက်လက်တွက်ချက်နေရသည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြ သည်။

ဗီယက်နမ် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ နိုဝင်ဘာ ၁၆ ရက်နေ့မှစ၍ သေဆုံးသူ ၆၃ ဦးခန့်သည် တောင်တန်းများရှိသောအလယ်ပိုင်း ဒက်လက်ခ်ပြည်နယ်ဟု မှတ်တမ်းတင်ခဲ့ကြောင်း ပြောကြားခဲ့ပြီး ထိုဒေသတွင် နေအိမ်ထောင်ပေါင်းများစွာ ရေနစ်မြုပ်ခဲ့သည်။

အဆိုပါ ဒေသအတွင်း အနည်းဆုံး လူ ၁၂ ဦး ဆက်လက် ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်းလည်း အဆိုပါ ဝန်ကြီးဌာနက အတည်ပြုသည်။

ရေကြီးမှုဒဏ် ကြီးမားစွာ ခံစားခဲ့ရသည့် ဒက်လက်ခ်ဒေသတွင် ရေစတင်ကျဆင်းနေသော်လည်း ရပ်ရွာအချို့၌ ရေလွှမ်းမိုးနေဆဲဖြစ်ပြီး မိသားစုရာပေါင်းများစွာ ဆက်လက်ထိခိုက်နေဆဲဖြစ်ကြောင်း သိရသည်။Mon

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

# သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးအသိပညာပေးခြင်း ဆောင်ရွက်

**ညောင်ရွှေ နိုဝင်ဘာ ၂၃**

သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေး (မြို့နယ်အဆင့်) အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ်၊ ခေါင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပုလဲခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးကိုကိုမောင်က တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးခင်မောင်ထွေးက သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သူဟိန်းက မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးအကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။



(အပေါ်ယာပုံ)

ထို့နောက် မီးသတ်ဦးစီးဌာနတာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူလေးများနှင့် လက်တွေ့ မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်းနှင့် သစ်တောဦးစီးဌာနမှ တစ်ဦးချင်း သစ်တော၊သစ်ပင်စိုက်ပျိုးထိန်းသိမ်းနည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ကျင်းပခဲ့သည်။



အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမှုများ၊ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက် သုံးရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကလေး၊ လူငယ်၊ လူရွယ်၏ အဓိပ္ပာယ်ဖော်ပြချက်၊ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် ဥပဒေပုဒ်မများအကြောင်း၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရည်မှန်းချက် ခြောက်ရပ်စသည့်အကြောင်းအရာများကို လူမှုဝန်ထမ်းဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ်၊ တောင်ပြင်(၂)မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူမောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ Women Club အဖွဲ့ဝင်များနှင့် အခြေခံပညာအလယ်တန်းကျောင်း (မြို့မ)မှ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲအပြီး၌ မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နောင်နောင်(ဗိဿနိုးမြေ)

*-*-*-*-*

# ပျော်ဘွယ်မြို့နယ်တွင် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**ပျော်ဘွယ် နိုဝင်ဘာ ၂၃**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ မူလတန်းအဆင့်ကဗျာရွတ်ဆို ပြိုင်ပွဲနှင့် အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲကျင်းပခြင်းကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ယခုလိုပြိုင်ပွဲ ကျင်းပရခြင်းသည် မြို့နယ်အဆင့်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရာတွင် ကျောင်းသား၊ ကျောင်းသူများ ယခင်ကထက်ပိုမို စွမ်းရည်ပြည့်ဝစေရေးပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းကို ဆွေးနွေးသည်။



ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား၊ကျောင်းသူ ၁၅ဦး၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား အဆိုပါကျောင်း၌ မကြာမီပြုလုပ်မည့် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

## လမြတ်နတ်တော်

* သာစွပေ
ညာမြဝေ၍
အသွင်တင့် ပင်မြင့်ဂေါ်သဇင်တို့
တော်ဝင်စွာ ပွင့်ရာကြ
အေးသည့် ဒီလ ။

* ခါကလေ
သာလှနေမင်း
ဖြိုးစွာချင်းသည်
ထွန်းလင်းတိထိ ပုဏ္ဏမိဟု
စုံညီသာမှု
ရာသီလ ။

* နှင်းမှုန်ရီ
သင်းထုံကြည်ကာ
ရာသီနေ ခါမိပြုသည်
ရောပဟဏီနှင့် ကြတ္တိကာ
ဆုံကြ ဤချိန်ခါ ။

* သတင်းဂုဏ်ရည်
စုံညီပါသည့်
မဟာပိန္နဲ ပူဇော်ပွဲနှင့်
စာပွဲသဘင် တူယှဉ်ကျင်းပ
နတ်တော်လ ။ ။

ချစ်ဝေ(ခေမာမြေ)





## တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကို ယမန်နေ့က ဆင်တဲတိုက်၊ အလုံဝန်မင်းကျောင်း၌ ကျင်းပခဲ့သည်။

မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကို ဆင်တဲတိုက်၊ အလုံဝန်မင်းကျောင်းတိုက် ဆရာတော်ကြီးထံ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ဩဝါဒခံယူကာ ရပ်ကွက်နေပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ နဝကမ္မအလှူတော်ငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၂၀၈၉၆၀၀၀ အား အလုံဝန်မင်းကျောင်းတိုက်ဆရာတော် သံဃာတော်တို့ထံ ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

*-*-*-*-*-*-*

## အထက(၁၈) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန် ခင်းကျင်း

**မန္တလေး နိုဝင်ဘာ ၂၃**

အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း၊ နန်းမြို့၊ ၁၉၉၄-၁၉၉၅ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန် ခင်းကျင်းခြင်းကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်၊ နှမ်းကြဲကျေးရွာအုပ်စု၊ သာခိုတောင် အေးသုခကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အေးသုခကျောင်းတိုက်ရှိ ဆရာတော် ဘဒ္ဒန္တ အဂ္ဂညာဏ အမှူးရှိသော ပုရိမဝါမှ ထမြောက်တော်မူကြသည့် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကထိန်ရေစက်ချ တရားတော် နာယူကြည်ညိုခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်တော်တွင် ကထိန်မ,တည်အလှူငွေ၊ လှူဖွယ်ပစ္စည်း၊ ပဒေသာပင်များ၊ ဆွမ်းနှင့် ဧည့်ခံကျွေးမွေးမှုများအတွက် အလှူငွေကျပ် ၄၅ သိန်း လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## အငြိမ်းစားအင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့မှ သတ္တမအကြိမ်မြောက် မန္တလေးအငြိမ်းစားများအား ဆန်၊ ဆီ ထောက်ပံ့လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးအခြေစိုက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အငြိမ်းစားအင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့မှ သတ္တမအကြိမ်မြောက် မန္တလေးအငြိမ်းစားဝန်ထမ်းများအား ဆန်၊ ဆီ ထောက်ပံ့လှူဒါန်းပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၈ လမ်းမကြီးရှိ ယန္တရားအလုပ်ရုံတွင် ကျင်းပသည်။

"မန္တလေးမြို့အခြေစိုက်နေထိုင်တဲ့ ပင်စင်စားများအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက်ကတော့ မန္တလေးမှာ ရှိနေတဲ့ ဆောက်လုပ်ရေးက အငြိမ်းစားယူသွားကြတဲ့သူတွေ အားလုံး စုစုစည်းစည်းနဲ့ ကျွန်တော်တို့ အားလုံး ဆက်သွယ်ဆောင်ရွက်နိုင်ရအောင်၊ တစ်ဦးနဲ့တစ်ဦးရိုင်းပင်းကူညီနိုင်ရအောင်၊ အနေအထားလေးဖြစ်အောင်ဆိုပြီးတော့ မန္တလေးအင်ဂျင်နီယာအဖွဲ့က ဦးဆောင်ပြီးတော့ ဖွဲ့စည်းခဲ့တာ ခုဆို ၇ နှစ်ကျော်ပြီဖြစ်ပြီး အငြိမ်းစားများ ဆန်၊ ဆီ ထောက်ပံ့လှူဒါန်းပွဲပါ။ အငြိမ်းစားများအတွက် ပရဟိတများ ဆက်လက်ဆောင်ရွက် သွားမှာဖြစ်ပါတယ်" ဟု မန္တလေးအခြေစိုက်အငြိမ်းစားအင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့မှ အတွင်းရေးမှူး ဦးကျော်ထွန်း (အငြိမ်းစားအင်ဂျင်နီယာ)က ပြောကြားခဲ့သည်။

ဆန်၊ ဆီထောက်ပံ့လှူဒါန်းပွဲတွင် မန္တလေးအခြေစိုက်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အငြိမ်းစားအင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင့်(အင်ဂျင်နီယာမှူးကြီး(ငြိမ်း))က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အမှာစကားကို ပြောကြားခဲ့သည်။



ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားယူခဲ့ပြီးသော ဦးနေစိုးနိုင်(ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း))၊ ဦးဘရွှေ(အင်ဂျင်နီယာချုပ်(ငြိမ်း))၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဦးမြတ်ကိုကို (အင်ဂျင်နီယာချုပ်(ငြိမ်း))၊ ဦးအောင်ခိုင် (ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း))၊ ဦးခင်သက်(ညွှန်ကြားရေးမှူးချုပ်(ငြိမ်း))တို့က တစ်ဦးချင်းဝမ်းသာပီတိစကားများ ပြောကြားကြသည်။

ဆက်လက်ပြီး လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များက အငြိမ်းစားဝန်ထမ်း ၃၅၇ ဦးအား တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ဆီ နှစ်လီတာထောက်ပံ့စေခြင်း၊ ကျန်းမာရေးနှင့် နာရေးကူညီထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ အငြိမ်းစားဝန်ထမ်းများက ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်း၊ အလှူငွေများပေးအပ်ခြင်းများ ပြုကြသည်။

အဆိုပါအဖွဲ့သည် ခုနစ်နှစ်တာကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအပြင် တစ်ဦးလျှင်ကျပ်တစ်သိန်းခွဲဖြင့် ၂၇၆ ဦး၊ နာရေးကူညီမှုအဖြစ် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲဖြင့် ၁၀၃ ဦး၊ သီးခြားအဖြစ် အသက် ၈၅ နှစ်နှင့် အထက် ၁၀ ဦးအား အလှူငွေထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)ကျော်မင်းသော်**

## (၁၉)ကြိမ်မြောက် မန္တလေးစက်မှုလက်မှုအထက်တန်းကျောင်း (T.H.S) အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၃**

(၁၉)ကြိမ်မြောက် မန္တလေးစက်မှုလက်မှုအထက်တန်းကျောင်း (T.H.S) အာစရိယပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ၃၅လမ်းရှိ ဒဟတ္တော့ဘုရားမဓမ္မဗိမာန်တွင် ကျင်းပသည်။

အခမ်းအနားသို့ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကွယ်လွန်ပြီးသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများအား အောက်မေ့သတိရ မေတ္တာပို့သပြီး ကျောင်းသားဟောင်း ဦးမောင်ဆွေ 73 R မှ ကန်တော့ချိုးဖြင့် တိုင်တည်၍ ကျောင်းသားဟောင်းများက ရှိခိုးကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားများက ကန်တော့ပစ္စည်းများ ပေးအပ်ကြရာ ကန်တော့ခံဆရာကြီးတစ်ဦးက ဆုတောင်းစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဦးတိုးလွင်ဦး 99 E က ငွေစာရင်းရှင်းတမ်းတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဦးမော်သာထွေး 75 M က မုဒိတာစကား ပြောကြား၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်ကျော် 82 M က ကျေးဇူးတင်စကားပြောကြားခဲ့ကာ ဆရာကြီး၊ ဆရာမကြီးများအား နေ့လယ်စာ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ငွေများ ပေးအပ်

**ကျေးသီး နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ငွေများ ပေးအပ်ထုတ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ထုတ်ပေးခြင်းကို မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကျေးသီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများမှ ထောက်ပံ့ငွေ ရရှိသူများက မြန်မာ့စီးပွားရေးဘဏ်တွင် အဆင်ပြေ ချောမွေ့စွာ ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ဝန်ဆောင်မိခင် ၁၂၀ ဦး၊ အသက်နှစ်နှစ်အောက်ကလေး ၃၉၀ ဦး တို့အတွက် စုစုပေါင်း ငွေကျပ် ၄၄၈၃၅၀၀၀ ကို နိုဝင်ဘာ ၁၁ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ရက်အထိ နိုင်ငံတော်အစိုးရက သတ်မှတ်ထားသော ရုံးပိတ်ရက်များမှအပ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၃**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် နန်းတော်ရှေ့ ဒေါနဘွားရပ်ကွက်ရှိ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၁၄လမ်းနှင့် ၁၅လမ်းကြားနေ ဦးအောင်ကြိုင် (၈၆ နှစ်ပြည့် မွေးနေ့အလှူ)+ ဒေါ်သန်းသန်းဆွေ၊ သား၊သမီး၊ မြေး၊မြစ်တစ်စုတို့က ဆေးပဒေသာပင်အလှူငွေကျပ် တစ်သိန်းကို ယမန်နေ့က ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက် လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ကိုယ်စား ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများလှူဒါန်းလိုပါက ဆေးရုံအလှူခံဌာနသို့ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**



ရောဂါကင်းစင် စိတ်လန်းရွှင် အမြင်လည်းလှ သန့်ရှင်းကြ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၅)၊ ဦးပိုင်နံပါတ်(၆၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဒေါ်သိန်းငွေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၃၀) ထဲမှ အရှေ့ဘက်ပိုင်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှမျိုးဆွေ(ဘ)ဦးသိန်းချို(၉/ခမစ(နိုင်)၀၀၈၄၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်နံပါတ်(၂၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးထွန်းထွန်းဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ × ၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇင်ကိုမြင့်(ဘ)ဦးမြင့်ဌေး(၉/ခမစ(နိုင်)၀၃၁၃၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံ(ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၇)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ (၀ ဒသမ ၉၁)ဧက အကျယ်အဝန်းရှိ ဦးနေအောင် အမည်ပေါက် ဂရန်မြေ နေထိုင်ပိုင်ဆိုင် အသုံးပြုခွင့်နှင့် ၎င်း မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်နေဦး(ဘ)ဦးစိုးမြင့်(ခ)ဦးဟော်ဖူ(၅/တမန(နိုင်)၀၄၈၇၇၈)နှင့် ဇနီး ဒေါ်ထက်ထက်စည်သူ(ဘ)ဦးရာဆူ(၉/ခအဇ(နိုင်)၀၁၃၀၃၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်နောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးသန်းထွန်းမြတ် (ဥပဒေဘွဲ့) ဒေါ်မိုးမိုး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀)၊ ၂၉လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၅၀၅၁၅၊ ၀၉-၂၀၀၃၉၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၇)၊ ဦးပိုင်အမှတ် (၄၁-ခ+၄၂-က)၊ ဧရိယာ(၀ ဒသမ ၀၂၉၁+ ၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းသန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းအစိတ်အပိုင်း တောင်-မြောက် ၁၄ ပေ၊ အရှေ့-အနောက် မြေပေါ် အကျယ်အဝန်းအရှိအတိုင်း ဘိုးဘပိုင်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းရွှေ(ဘ)ဦးကံအေး(၅/ကလတ(နိုင်)၀၇၂၅၀၇)၊ ဒေါ်ချောကလျာဝင်း(ဘ)ဦးခင်မောင်ဝင်း(၅/ကဘလ (နိုင်)၂၃၀၂၂၆)နှင့် ဒေါ်အိအိဖြိုး(ဘ)ဦးသောင်းငွေ(၅/ကဘလ(နိုင်)၀၇၀၉၃၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်နောက် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးသန်းထွန်းမြတ် (ဥပဒေဘွဲ့) ဒေါ်မိုးမိုး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀)၊ ၂၉လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၅၀၅၁၅၊ ၀၉-၂၀၀၃၉၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်နံပါတ်(၁၁၈) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ အနောက်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်ဦး(ဘ)ဦးတင်ရွှေ(MDYSW-၀၀၆၇၀၉) အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရ သည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်၊ (ရေ+မီး အပါ အဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာ ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ချောစုမြိုင်(ဘ)ဦးအောင် မြိုင်(၅/ငဇန(နိုင်)၀၆၁၀၀၅)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီ သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၂)ဦးပိုင်နံပါတ်(၄-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသောင်းငွေ အမည်ဖြင့် မြေနေရာ ချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန္ဒာဝင်း (ဘ)ဦးထွန်းရွှေ(၈/ရစက(နိုင်)၂၆၀၆၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ် စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL) ဒေါ်မာမာဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်အမှတ် (၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသူရိန်မင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးသူရနိုင်(ဘ)ဦးတင်ဝင်း(၇/လပတ(နိုင်)၁၃၈၉၀၃)ကိုင်ဆောင်သူ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၆၂)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှစိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်အောင်သန်းတင့်(ဘ)ဦးကံရီ(၉/မဟမ(နိုင်)၀၁၂၀၅၀)ကိုင်ဆောင်သူ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့်နေရာတွင် အခြားနိုင်ငံများ၏ ကျင့်သုံးမှုပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်ဒီမိုကရေစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်ရန် အရေးကြီး...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၅)တွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များသည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် KK Park နယ်မြေအတွင်းရှိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော တရားမဝင်အဆောက်အအုံများအား ဝင်ရောက်ရှာဖွေရှင်းလင်းခြင်း၊ ဖြိုချဖျက်ဆီးခြင်းများနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလောင်းကစားမှုနှင့် လိမ်လည်မှုများကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၀ သို့ ❖



## ပရီးမီးယားလိဂ်ပွဲစဉ် (၁၂)တွင် အက်စတွန်ဗီလာနှင့် အာဆင်နယ်တို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့

**လန်ဒန် နိုဝင်ဘာ ၂၃**

ပရီးမီးယားလိဂ်ပွဲစဉ်(၁၂)တွင် အက်စတွန်ဗီလာအသင်းနှင့် အာဆင်နယ်အသင်းတို့ အသီးသီး နိုင်ပွဲ ကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက အက်စတွန်ဗီလာအသင်းနှင့် လိဒ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်စတွန်ဗီလာအသင်းက လိဒ်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အက်စတွန်ဗီလာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၄၈ မိနစ်နှင့် ၇၅ မိနစ်တွင် မော်ဂန်ရော်ဂျာစ်က သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက စပါးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် ထရိုဆက်ဒ်၊ ပွဲချိန် ၄၁ မိနစ်၊ ၄၆ မိနစ်၊ ၇၆ မိနစ်တွင် အီဇီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၁၂) အပြီးတွင် အာဆင်နယ်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ပြီး အက်စတွန်ဗီလာအသင်းက ရမှတ် ၂၁မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန်လည်း အာဆင်နယ်အသင်းက ရေပန်းစားလျက်ရှိနေသည်။

(NGB)

0-0-0-0-0



## ဖိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

ဖိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲအဖြစ် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် နီပေါအသင်းတို့ နိုဝင်ဘာ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။



မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု (ဆ)တွင် အာဖဂန်နစ္စတန်၊ အိုမန်၊ ဆီးရီးယား၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်မှာပင် အာဖဂန်နစ္စတန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူခဲ့ပြီး အဖိုးတန် ရမှတ်သုံးမှတ် ရယူထားနိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) ဒုတိယ ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် နီပေါအသင်းနှင့် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် နီပေါအသင်းတို့ ပွဲစဉ်အား MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ယခုပွဲစဉ်တွင်လည်း နိုင်ပွဲဆက်လက်ရယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် ကြည့်ရှုအားပေးရမည့် ပွဲစဉ်တစ်ပွဲဖြစ်သည်။

(NGB)